# မဟာစိန်တိုင်းခရီး

ရေး - ဓမ္မာလောကမဟာထေရ်

မြန်မာပြန် - မောင်သာနိုး



ဒုတိယအကြိမ်

mgyoe.com

# မဟာစိန့်တိုင်းခရီး

ရေး ဓမ္မာလောကာမဟာထေရ်

မြန်မာပြန် မောင်သာနိုး



ISBN9789997115058
MTN10
9 789997 115058
2,200.00KS

mgyoe.com

mgyoe.com

မဟာစိန့်တိုင်းခရီး မောင်သာနိုး
စာမျက်နှာ ၁၉၉ မျက်နှာ၊ ၁၂·၈စင်တီ× ၁၈·၅စင်တီ

ထုတ်ဝေသူ - ဦးစန်းဦး၊ စိတ်ကူးချိုချိုစာပေ(၀၀၅၃၈)၊ ၈၂၊ ၁၆၄လမ်း၊ တာမွေ၊ ရန်ကုန်။
ပုံနှိပ်သူ - ဒေါ်ဝင်းမာ၊ စိတ်ကူးချိုချိုပုံနှိပ်တိုက်(၀၀၄၁၂)၊ ၁၁၇၉၊ မစိုးရိမ်လမ်း၊ ရန်ကင်း။
၂၀၁၉၊ မေလ၊ ဒုတိယအကြိမ်၊ အုပ်ရေ ၅၀၀၊
၂၀၀၅ The Couple ၏ ပထမအကြိမ်မူ၊

ရောင်းဈေး ၂၂၀၀ ကျပ်

*email: skccph@gmail.com ; P.O.Box: 705*
*www.facebook.com/SKCCmyanmarbook*
*www.skccmyanmarbook.com*

mgyoe.com

mgyoe.com

စိတ်ကူးချိုချိုစာအုပ်

■■■■■■■■■■

# မဟာစိန့်တိုင်းခရီး

(ရေး-ဓမ္မလောကမဟာထေရ်)

## မောင်သာနိုး

မြန်မာပြန်

ဒုတိယအကြိမ် ၂၀၀၄

mgyoe.com

mgyoe.com

mgyoe.com

mgyoe.com

## မာတိကာ

□ ဘာသာပြန်သူ့မှတ်ချက် ... က

အခန်း ၁ ... ၁
ဆုံးဖြတ်ချက် ... ၁
ရာဟုလာဂျီး ... ၄
ဂဇရတနဆိကစာ ... ၁၅

အခန်း ၂ ... ၁၇
သိရိလင်္ကာမှာ ... ၁၉
ရဲစခန်းမှာခုနစ်ရက် ... ၂၇
စစ်တွေသို့ ... ၂၉
ကုသိနဂရမှာ ကျူပ် ရဟန်းခံခြင်း ... ၃၁
မြန်မာပြည်ဘုရားဖူး ... ၃၄
ပိဋကပါတ ... ၅၃

mgyoe.com

mgyoe.com


အခန်း ၃ ၅၈
မိဂဒါဝုန်မှာ ပဋ္ဌင်းခံ ၅၈
လာဆာဆီသို့ ၆၀
လာဆာမှာ ၆၅

အခန်း ၄ ၈၉
ဖာရီဆီသို့ ၈၉
ဒုယွန်မှာ ဝါဆိုရခြင်း ၉၃
ကလင်ပုံက ကာလကတ္တား ၉၆

အခန်း ၅ ၉၈
တရုတ်ပြည် ဟိုမှာဒီမှာ၊ စင်ကာပူနဲ့ ဟောင်ကောင် ၉၈
ရှန်ဟိုင်း ၁၁၀
ပေကျင်း (မြို့တော်) ၁၁၆
ရိုပုချဗင် ၁၂၁

အခန်း ၆ ၁၄၀
ပေကျင်းမှာ ဝါဆိုခြင်း ၁၄၀
ထျန်ခင် ၁၅၂
နန်ကင်း ၁၅၂
လာမာဂျီးရဲ့ အိတ်ဝါ ၁၅၆
တရုတ်ပြည်သာသနာရေးဌာနကြီးများ ၁၆၀
အမိနိုင်ငံဆီသို့ ၁၆၄


mgyoe.com

mgyoe.com


| | |
|---|---|
| **အခန်း ၇** | ၁၇၂ |
| နီပေါလ်ရောက်ရပြန်ပြီ | ၁၇၂ |
| အနန္ဒကုဋီဆောက်လုပ်ခြင်း | ၁၇၉ |
| ဟိုဟိုဒီဒီ | ၁၈၅ |
| အနန္ဒကုဋီမှာ နားရခြင်း | ၁၉၁ |


❑

mgyoe.com

mgyoe.com
mgyoe.com

mgyoe.com

# ဘာသာပြန်သူ့မှတ်ချက်

ဒီစာအုပ်က တရုတ်ပြည် ခရီးသွားမှတ်တမ်း (မဟာစီနယာတြာ) ဆိုသော်လည်း မြန်မာပြည်မှာ လူသိများတဲ့ အိန္ဒိယပညာရှင် ရာဟုလာသံကိစ္စည်း အကြောင်း အနည်းငယ်ပါတယ်၊ မြန်မာပြည်က အိန္ဒိယကို ရှေးကရောက်နေတဲ့ မြန်မာဘုန်းတော်ကြီးတွေအကြောင်း၊ နီပေါလ်က မြန်မာပြည်ကိုလာကာ ပရိယတ္တိသင်ကြတဲ့ နီပေါလ်လူမျိုးများအကြောင်း၊ နီပေါလ်မှာ ဗုဒ္ဓရဟန်းတွေနဲ့ လူတွေ ရှေးက ဘာသာရေးမတူသူ အုပ်ချုပ်ရေးသမားတို့ရဲ့ နှိပ်ကွပ်ခံခဲ့ပုံအကြောင်း စတာတွေ အများကြီးသိရတယ်။ အဲဒါကြောင့် ဘာသာပြန်လိုက်တာပါ။ မြန်မာ့သမိုင်းနဲ့ ဗုဒ္ဓသာသနာသမိုင်းမှာ အထိုက်အလျောက် အကျိုးရှိလိမ့်မယ်လို့ ယုံကြည်မိတယ်။

ဓမ္မာလောက မဟာထေရ်ကို နီပေါလ်ပြည် ခတ္တမန္ဒူမြို့မှာ ၁၈၈၀ က ဖွားမြင်ခဲ့ပြီး ၁၉၆၇ က

mgyoe.com

mgyoe.com



ပျံလွန်တော်မူခဲ့တယ်။ လူဝတ်ကြောင်ဘဝက အမည် သာဟုကေသသုန္ဒရဖြစ်ပြီး ခတ္တမန္ဒုနဲ့ ကာလကတ္တားမှာ အရောင်းအဝယ်လုပ်ခဲ့တဲ့ စီးပွားရေးသမား ဖြစ်ခဲ့တယ်။ ဇနီးဆုံးပါးသွားပြီးနောက် ရဟန်းပြုခဲ့တယ်။ နေပါလီ စာပေမြှင့်တင်ရေး အားထုတ်ကြိုးပမ်းခဲ့ပြီး သယမ္ဘူနာထ်မှာ အနန္ဒကုဋိ ဝိဟာရကျောင်းတော် တည်ထောင်ခဲ့၊ ဗုဒ္ဓဖွားမြင်ရာ လုမ္ဗိနီနဲ့ ပရိနိဗ္ဗာန်ပြုတော်မူရာ ကုသိနာရတို့မှာ ပြုပြင် ပြင်ဆင်ရေးလုပ်ငန်းများ စတင်ဖောက်ချ ဆောင်ရွက်ခဲ့သူ ဖြစ်တော်မူတယ်။ သားဖြစ်သူ ဂဇရတနကလည်း သီရိလင်္ကာပြန် ရဟန်းတော် (ဘွဲ့အရှင်အနိရုဒ္ဓ)ဖြစ်ပြီး အခု သူ့ခမည်းတော် လမ်းစဉ်အတိုင်း သာသနာရေးလုပ်ငန်းများ ဦးစီးဆောင်ရွက်နေပါတယ်။

ဒီစာအုပ် ဘာသာပြန် အပိုင်းများကို လစဉ် ဆက်တိုက် ဖော်ပြပေးခဲ့တဲ့ စံပယ်ဖြူမဂ္ဂဇင်းကို ကျေးဇူး အထူးတင်ပါကြောင်း ပြောပြလိုတယ်။

မောင်သာနိုး
ပင်လုံထိပ်ထားစံအိမ်
၁၁-၁၂-၂၀၀၄

❑

mgyoe.com

mgyoe.com

# အခန်း [ ၁ ]

## ဆုံးဖြတ်ချက်

ကျုပ်အိမ်ရာထောင်တဲ့ လူ့ဘဝက ခတ္တမန္ဒူမြို့ လေးပြင်လေးရပ်မှာ ကျင်းပလေ့ရှိတဲ့ ဘာသာရေးပုံပြင် ဟောပြောပွဲတွေ တက်ရတာကို အကြီးအကျယ် စိတ်အားထက်သန်ခဲ့တယ်။ ဝဇီရာစရိယတို့၊ ဗြဟ္မဏပဏ္ဍိတ်တို့ ဟောကြ၊ ပြောကြတဲ့ ပုံပြင်တွေကို ကျုပ်မကြွင်းမကျန် အကုန်သိတာ။ ဝိကြမ သက္ကရာဇ် ၁၉၇၀ (ခရစ် ၁၉၁၃) က အရောင်းအဝယ်ကိစ္စနဲ့ ကာလကတ္တားကို သွားရတဲ့အခါ လင်္ကာကလူတွေကို တွေ့ရတော့ ကျုပ်မှာ လင်္ကာမှာ လူနေတယ်ဆိုတာကို မယုံနိုင်ဘူး။ ရာမယဏဇာတ် ဟောပြောပွဲတွေမှာက လင်္ကာဆိုတာ ဘီလူးတွေနေတဲ့ တိုင်းပြည်လို့ပဲ ပြောကြတာကိုး။ အနာဂါရိက ဓမ္မပါလ တည်ထောင်တဲ့ 'ကောလိပ်ရင်ပြင်' က ဓမ္မရာဇိက ဝိဟာရရောက်တော့လည်း ဓမ္မပါလဟာ လင်္ကာနိုင်ငံသား ဖြစ်တဲ့အကြောင်း၊ လင်္ကာမှာ ဘီလူးတွေမဟုတ်၊ လူတွေနေကြတာဖြစ်ကြောင်း သိရပြန်တော့ အလွန်အမင်း အံ့အားသင့်ရပြန်တယ်။ ဒါပေမဲ့ ဘာသာရေး ပုံပြောဆရာတွေ ပေးထားတဲ့

mgyoe.com

mgyoe.com

အရှိန်က ပြင်းပြလွန်းသမို့ အစွဲကိုချွတ်ဖို့ ကျုပ်မှာ အခက်ကြုံရတော့တယ်။

အဲဒီနောက်တော့ ဝိကြမနှစ် ၁၉၇၃ (ခရစ် ၁၉၁၆)မှာ လာဆာရောက်တော့လည်း တိဗက်လူမျိုးတွေနဲ့ တွေ့တဲ့အခါ ဂျမ်ဗဲယမ် (မဟာမဠုသျှရီ)ကို ဖူးတွေ့ကြရပြီး ပန်ချရှိရရှတောင် 'ရိပုချဝင်' က ပြန်လာခဲ့ကြကြောင်း ပြောကြတော့ အလားတူ အံ့သြရပြန်တယ်။ နောက်ထပ် သုံးလေးယောက်က အဲသလို ပြောကြတာတောင်မှ ကျုပ်က တကယ်မယုံနိုင်ဘူး။ ဒါပေမဲ့ အခြားလူများပါ ထပ်ကာထပ်ကာ ပြောလာကြတော့လည်း သာသနိကဒေသတွေသွားပြီး မဟာမဠုသျှရီကို ဖူးမြင်ရရေး ကြိုးစားဖို့သင့်တယ်လို့ တွေးမိလာတယ်။

လာဆာမှာ နှစ်နှစ်နေပြီးနောက် ကျုပ် နီပေါလ်ကို ပြန်ခဲ့တယ်။ ကျုပ် နောက်တစ်ချီ လာဆာကိုသွားတော့ ကျုပ်ရဲ့ ရှစ်နှစ်အရွယ်သားကလေး ဂဇရတနကိုပါ ခေါ်သွားတယ်။ ကျုပ်လုပ်ငန်းက ကာလကတ္တား၊ ဖာရီနဲ့ လာဆာအမြဲ ကူးသန်းသွားလာနေရတာ။ ဂဇရတနက တော်တော်ဆိုးတယ်။ ဒါကြောင့် သွားလေရာ ခေါ်သွားရတယ်။ နောက်ဆုံးမှာတော့ သူ့ကို ဗာရာဏသီ ဗဟိုကျောင်းကြီး ဝင်ခွင့်ရရေး လုပ်ရတယ်။ သူ့စရိတ်တစ်လ ရူပီးငွေ ၃၀ ပို့ပေးရတယ်။ သုံးနှစ် သင်တန်းတက်လိုက်ပြီးနောက် ချာတိတ် အများကြီး ပြောင်းလဲသွားတာ တွေ့ရတယ်။ ဂဇရတနကို နီပေါလ် ပြန်ခေါ်လာတဲ့အခါ သူအများကြီးပြောင်းလဲသွားတာကိုလူအများ အံ့သြကြရတယ်။ ဒီတော့မှ ပညာရေးတို့၊ သင်တန်းတို့ဆိုတာ ကောင်းကျိုးပြုမြဲပါလားလို့ ကျုပ်ကောက်ချက်ချမိပါရဲ့။
mgyoe.com

mgyoe.com


ဝိကြမနှစ် ၁၉၁၁ (ခရစ် ၁၈၅၄) မှာ ကျုပ်ဟာ သားနဲ့အတူ လာဆာကနေ နီပေါလ်ကို ပြန်လာခဲ့တယ်။ ခတ္တမန္ဒုမှာ အိမ်ရာထောင်သူတွေနဲ့ ထုံးစံအတိုင်း တစ်ပြုံတစ်မကြီး နေရတာ ကျုပ်စိတ်သဘာဝနဲ့ မကိုက်လေတော့ သုံးလေးလနေတော့ သားနဲ့အတူ ကိန္ဒောလဝိဟာရကို လာနေမိတယ်။ ကျုပ်သား အငယ်ဆုံးကောင်ကတော့ မွေးကင်းစကတည်းက သူ့အဘွားဆီမှာ နေခဲ့တာမို့ ခုထိ အဲဒီမှာပဲ နေကျန်ရစ်ခဲ့တယ်။

ကိန္ဒောလ ဝိဟာရ(ကျောင်း)မှာ ပြင်ဆင်တဲ့လုပ်ငန်းက မပြီးသေးဘူး။ ဒါနဲ့ ကျုပ်လည်း ကိုယ်တတ်နိုင်သလောက် ကြမ်းခင်းရေးမှာ လုပ်အားပေးရင်း စိတ်ပါလက်ပါ အလုပ်ကို ကြီးကြပ်နေခဲ့တော့တယ်။ ဂဇရတနကတော့ သျှရီဃဟဝိဟာရ အနီး သျှရီဂျော့ဂဗီရ သီဟဆာဟု ပိုင်တဲ့ ရက်ကန်းစက်ရုံမှာ အလုပ်လုပ်နေတယ်။ ကိန္ဒောလ ဝိဟာရမှာ ကျုပ်ဟာ တစ်ယောက်တည်း အဋ္ဌသာဟသိကာ–ပညာပါရမိတာစတဲ့ စာတွေကို ရွတ်လေ့ရှိတယ်။ တစ်နှစ်တာ အချိန်ပိုင်းမှာ တျာမိကသကျရဟန်း ဝမ်းရောဂါနဲ့ ပျံတော်မူပါရော။ ဂဇရတနဟာ အခြားလူဆီက သာမန်မမျှော်လင့်နိုင်တဲ့ စိတ်စေတနာနဲ့ ဘုန်းကြီးကို ပြုစုနေတာကို ကြည့်ပြီး ဒီသူငယ်ကို ဗာရာဏသီကို ကျောင်းအိပ် ကျောင်းစား သာမပို့ခဲ့မိရင် ခုလိုစိတ်မျိုး သတ္တိမျိုး မြင်တွေ့ရမှာ မဟုတ်ဘူးလို့ ကျုပ်တွေးမိတယ်။ ဒီကိစ္စတင် မဟုတ်ပါဘူး။ သူ့ကို ခိုင်းလိုက်တဲ့ ကိစ္စမှန်သမျှ အချိန်မီ မှန်မှန်ကန်ကန် လုပ်တာချည်း၊ သူ့ကို ခိုင်းတာကို ငြင်းဖို့ သူနားမလည်ဘူး။

ကိန္ဒောလ ဝိဟာရမှာ ရဟန်းမရှိတော့သမို့ နမောဗုဒ္ဓါ

mgyoe.com

mgyoe.com


ကျောင်းမှာ သီတင်းသုံးနေတဲ့ ဘတ်ဂေါန်က နီပေါလ်ဘုန်းကြီး ဘိက္ခုမဥ္စု ဟဒ္ဒကို ကိန္နောလကျောင်းထိုင်ဖို့ ပင့်ရတယ်။ ဂုရုသျှရီ ရှာရပ ခောရဂျဲကို ဒုကပလူမျိုးတွေက ခေတ္တမန္ဒုက သယမ္ဘူစေတီ ကို ပြုပြင်ဖို့ အလှူငွေများ အပ်နှံထားကြပြီး ဒုကပလာမာ (တိဗက် ဘုန်းကြီး) ကတော့ ကေရကုတိမှာနဲ့ ပောလမ္ဗူမှာ ညုနေဝရတ (အကျင့်) ဝါဒဖြန့်နေတယ်။ ညုနေ ဝရတဆိုတာ ပထမနေ့မှာ အစာ တစ်ကြိမ်သာစားပြီး ကျင့်ရကာ ဒုတိယနေ့မှာ ခံတွင်းမှာ ပေါ်လာတဲ့ တံတွေးကိုတောင် မျိုမချရ၊ ထွေးပစ်ရပြီး ဘယ်သူနဲ့မှ စကားမပြောမဆို 'ဝစီပိတ်' ကျင့်ရတာပါ။ နေမထွက်ခင် အိပ်ရာ ကထရကာ ဒသသီလခံယူပြီး နေ့ည ၂၄ နာရီ အဝလောကီ တေသရ (လောကနတ်)ကို ရှိခိုးကာ ဂါထာတွေ၊ မန္တရားတွေ ရွတ်ဖတ်လိုက်၊ ဦးချဝတ်တွားလိုက် လုပ်ရတယ်။ ဘိက္ခုမဥ္စုဟဒ္ဒ ဟာ ဒုကပလာမာရဲ့ သားဖြစ်တဲ့အတိုင်း ပုဏ္ဏမာ (လပြည့်)၊ အမာဝသ (လကွယ်)၊ အဋ္ဌမီ (ရှစ်ရက်နေ့)များမှာ ညုနေဝရတ အကျင့်ကိုကျင့်ကာ အများပြည်သူကိုလည်း သူ့လိုကျင့်ဖို့ ဝါဒဖြန့် နေပါတယ်။

## ရာဟုလကျိုး

ကျုပ်တို့လည်း အဲဒီအချိန်က ညုနေဝရတအတွက် စီစဉ်ရင်း အလုပ်များနေကြတယ်။ ဒုကမ ရမ်ပေါချေ (ဒုကပဒေသရဲ့ သာသနာပိုင်) လာမာသျှရီရှဲရပ တေရဂျဲကလည်း ခတ္တမန္ဒုအနီး ခတ္တိမဟာဗုဒ္ဓ(ကျောင်း)မှာ နေထိုင် သီတင်းသုံးလျက် ရှိပါတယ်။ မဟာပဏ္ဍိတ်ရာဟုလ သံကိစ္စည်းလည်း အဲဒီတုန်းက ဆွာမီရာ

mgyoe.com

mgyoe.com


မောဒရ်ဒဆ်ဆိုတဲ့ အမည်နဲ့ ခတ္တမန္ဒုလ မဟာသီဝရတြီပွဲတော်ကို ကြည့်ဖို့ ရောက်နေပါတယ်။ သူက လာဆာသွားမယ့် လူတွေကို ရှာနေတာ၊ ဒီလိုရှာရင်းနဲ့ ဒုကပသာသနာပိုင် ဿျရီရှဲရပဒေါရဂျဲ လာမာကြီးနဲ့ သွားတိုးပါရော။ ရာဟုလကြီးက မိမိ လိုအင်ဆန္ဒကို ဒုကပလာမာကြီးကို တင်ပြတော့ လာမာကြီးက ပဏ္ဍိတ်တစ်ဦး ဖြစ်ပေတယ်လို့ ထောက်ထားကာ လာဆာကို ပို့ပေးမယ်လို့ ကတိပေးလိုက်တယ်။ ဒါနဲ့ ရာဟုလကြီးဟာ လာမာကြီးနဲ့အတူ နေပါတော့တယ်။ သီဝရတြီပွဲတော်ပြီးလို့ တစ်လကြာသွားတဲ့အခါ ခတ္တမန္ဒုရဲ တွေဟာ အိန္ဒိယလူမျိုးတွေကို အိန္ဒိယနိုင်ငံ ပြန်ဖို့ နှင်ထုတ်နေတယ်။ လာမာကြီးက ဒီဗရုတ်ဗရက်ထဲ မပါရလေအောင် ရာဟုလကြီးကို လျှို့ဝှက် နေစရာပေးကာ အစားအသောက်ပါ စီစဉ်ပေးတယ်။ တစ်ခါတော့ ဒုကပလာမာကြီးကို ကိန္ဒောဝိဟာရက ပုဂ္ဂိုလ်များက လူတွေကို ညနေဝရတ သင်ပြပေးဖို့ ဖိတ်ကြားတယ်။ ရာဟုလကြီးလည်း လာမာကြီးနဲ့အတူ ကိန္ဒောလ ဝိဟာရကို လိုက်လာတယ်။ ကိန္ဒောလဝိဟာရမှာပဲ ကျုပ် ရာဟုလကြီးကို ပထမဆုံး တွေ့ဖူးတာပါပဲ။

ရာဟုလကြီးကို တွေ့ပြီးနောက် သူ့အကြောင်း အလုံးစုံကို ညမှာ ကျုပ်သိရတော့တယ်။ အရင်က ကျုပ် သူ့ကို ရာဟုလကြီးမှန်း မသိခဲ့ဘူး။ ဆွာမိရာမောဒရ်ဒဆ်ဆိုတဲ့ ဟိန္ဒူပညာရှိကြီးလို့သာ သိခဲ့တာ။ သူနဲ့ သုံးလေးရက် ဆွေးနွေးလိုက်တော့မှ ရာဟုလကြီးက လာဆာက ကန်ဂျူးရ်နဲ့ တန်ဂျူးရ်ကို ဆောင်ကြဉ်းပြီး နာလန္ဒ တက္ကသိုလ် ပြန်လည်ထူထောင်ပြီးတဲ့နောက် တက္ကသိုလ် စာကြည့် တိုက်မှာ ထိန်းသိမ်းထားချင်တယ်ဆိုတာကို ကျုပ် သိရတော့တယ်။

mgyoe.com

mgyoe.com

ဒီရှေးဟောင်းပစ္စည်းကြီးအကြောင်း သိရပြီးတဲ့နောက် ကျုပ် ရာဟုလဂျီးကို လေးစားခြင်းကြီးမက လေးစားသွားမိကာ ကျုပ် တတ်စွမ်းသမျှ သူ့ကိစ္စ အားသွန်ခွန်စိုက် ရွက်ဆောင်ပေးမိပါ တယ်။ သူအကြောက်ဆုံးကတော့ လာဆာကို မသွားနိုင်မီ နီပေါလ်ရဲက အချိန်မရွေး ရောက်လာပြီး နီပေါလ်ပြည် ပြင်ပကို အမိန့်ဝရမ်းနဲ့ နှင်ထုတ်နိုင်တဲ့ အချက်ပါပဲ။ ဒါကြောင့် သူ့ခမျာ အဲဒီကလူတွေနဲ့ ထွက်မတွေ့ဘဲ အခန်းထဲ တံခါးပိတ်နေရတယ်။ ဒီလိုနေတာတောင်မှ မကြာခဏဆိုသလို လူတွေကလည်း သူ့ကို တွေ့ဖို့ တန်းစီပြီး ကြိတ်ကြိတ်တိုး ဖြစ်နေတတ်ပါတော့တယ်။ လာမာဂျီးကလည်း ကိစ္စမျိုးစုံတွေနဲ့ ကြုံဆုံနေလိုက်တာ တစ်လ စေ့ပြီးနောက်တောင် ခတ္တမန္ဒုကြခွာဖို့ ခပ်ခက်ခက် ဖြစ်နေပေ့ါ။ ဒီတွင် ရာဟုလဂျီးလည်း အလွန်စိုးရိမ်ပူပန်ကာ လာမာဂျီး မထွက် ခွာမချင်း မိမိကို ဘယ်သူမှ ခြေရာမခံနိုင်မယ့် အလျှို့ဝှက်ဆုံး အခြားတစ်နေရာမှာထားပေးဖို့ တောင်းပန်တော့တယ်။

တစ်နေ့တော့ ကျုပ် အလျှို့ဝှက်ဆုံးနေရာ ရှာလို့တွေ့သမို့ သူ့ကို အဲဒီမှာ ခိုလှုံစေပါတယ်။ ဂဇရတနက မနက်နဲ့ည သူ့ဆီ စားစရာ သွားပို့ရတယ်။ သူတို့ ဘာတွေပြောကြသလဲ ကျုပ်မသိ။ ဒီလိုပုံနဲ့ ၁၅ ရက်၊ အရက် ၂၀ နေလာလိုက်တော့ ရာဟုလဂျီး ဖျားပါလေရော။ သူ ကျုပ်ကိုခေါ်ပြီး ဒီလိုသာ ဆက်နေရင်တော့ သူမုချသေရမှာပဲ၊ လာမာဂျီးကလည်း လာဆာကို ခုထိ ခရီးမစသေး ဘဲကိုး။ ဘယ်တော့ ခရီးစမလဲ၊ ဘယ်လမ်းက သွားမလဲ၊ လာမာဂျီး ကို နောက်ဆုံးမေးပေးပါလို့ ပြောတော့တယ်။ ကျုပ်လည်း လာမာဂျီးကို ချဉ်းကပ်ပြီး မေးရပါတယ်။ သူက တစ်ပတ်အကြာ
mgyoe.com

mgyoe.com

ဒီနေ့မှာထွက်ဖို့အကြံပေးပါတယ်။ သူရွေးတဲ့လမ်းကတော့ ဟောလမ္ဗျူကဖြတ်တဲ့လမ်းပါ။

ကျုပ် ဒီအကြောင်း ရာဟုလကျီးကို ပြောပြတော့ ခေါင်းငိုက်စိုက်ကျ မျက်လုံးတွေ အောက်စိုက်ကြည့်လို့ စိတ်အပျက်ကြီးပျက်ကာ မှိုင်တွေချနေတော့တယ်။ သူ့ကို ဒီလိုပုံမြင်ရတော့ ကျုပ် စိုးရိမ်မိတယ်။ ဒါနဲ့ ထုတ်ပြောလိုက်ရတယ်။ "ဆရာကြီး ဒီမှာ အင်မတန်မှ အဆင်မပြေ စိတ်ဆင်းရဲ ဖြစ်ရတယ်ဆိုရင် ဟောလမ္ဗျူကို သွားနှင့်ကြပြီး လာမာကျီးရောက်တဲ့ထိ စောင့်ကြစို့လား။ အဲဒီမှာ ကျွန်တော့်အသိအကျွမ်းတွေလည်း ရှိပါတယ်" လို့။ ဒါကို ရာဟုလကျီး သဘောတူတယ်။ ကျုပ်လည်း ဟောလမ္ဗျူကို ခရီးထွက်ဖို့ ပြင်ရဆင်ရပါတော့တယ်။ နောက်နှစ်ရက်နေတော့ ကျုပ်ဟာ သူနဲ့အတူ ဟောလမ္ဗျူကို ခရီးနှင်ခဲ့ပေါ့။

ကျုပ်တို့ သုန္ဒရီဇာလ် ရောက်တော့ သူ့ဖိနပ်က မာလွန်းသမို့ သူ့ခြေတွေ သွေးထွက်ကုန်တယ်။ ခြေကျိုးကြီးလို ခက်ခက်ခဲခဲနဲ့ ခြေလှမ်းနေတာ မြင်ရတော့ ဆိုင်တစ်ဆိုင်မှာထိုင်ပြီး နားကြရတယ်။ တောင်ရဲ့ မြင့်မားတဲ့ အထွတ်ဆီ ဘယ်လိုလုပ် တက်ရမလဲ ဆိုတာ ကျုပ်တို့အဖို့ ပြဿနာပါပဲ။ ကူလီတစ်ယောက်လောက် ရနိုင်မယ်ဆိုရင်တော့ သူ့ကို တောင်ပေါ် ထမ်းပို့ပေးနိုင်မှာ ဖြစ်တယ်။ ဒီစိတ်ကူးနဲ့ ကျုပ် ကူလီထွက်ရှာတယ်။ ကံကောင်းချင်တော့ ထောင်ထောင်မောင်းမောင်း သန်သန်မာမာ တာမန်းကူလီ တစ်ယောက် သွားတွေ့တယ်။ သူ့ဆီချဉ်းကပ်ပြီး လူတစ်ယောက်ကို ဟောလမ္ဗျူထိ ထမ်းပို့ပေးနိုင်မလား မေးကြည့်တယ်။ သူက ဘယ်လောက်ပေးမလဲတဲ့။ သူကိုယ်တိုင်ကပဲ တစ်နေ့ ထမင်းနှစ်

mgyoe.com

mgyoe.com

နပ်နဲ့ တစ်ရှူပီးနဲ့ လုပ်မယ်လို့ ပြောပါတယ်။ ကျုပ်ပေးမယ်လို့ သဘောတူလိုက်တယ်။ သူ ကျောပိုးထမ်းရမယ့် လူကောလို့မေး တော့ ရာဟုလဂျီးကို လက်ညှိုးထိုးပြလိုက်တယ်။ ရာဟုလက သိပ် ဝတာ၊ ဒါပေမဲ့ သူတောင်းတဲ့အတိုင်း ပေးထားတော့ ကူလီက အငြင်းပွား မနေတော့ပါဘူး။ ရာဟုလဂျီးကို ကျောပေါ်ထမ်းကြည့် ပြီး ဟေလမ္ဗူကို လိုက်ပို့မယ်ပြောပါတယ်။ နှစ်ဦးနှစ်ဖက် ကျေနပ် ကြရပေ့ါ။

ကျုပ်က သူ့ကို ပလိုင်းမယူဘူးလားလို့ မေးမိတယ်။ သူက ဒီလောက်တုတ်ခိုင်တဲ့လူကို ပလိုင်းထဲ ထည့်လို့မဖြစ်ဘူးလို့ ပြော ပါတယ်။ ဖြစ်နိုင်တာတစ်ခုက သစ်သားစ တစ်စယူ၊ ထောင့်တွေ အပေါက်ဖောက်၊ ကြိုးနဲ့ဆွဲ၊ လူကို အဲဒီပေါ် အထိုင်ခိုင်းပြီး ဟေလမ္ဗူကို ထမ်းသွားဖို့ပဲတဲ့။ ဒါနဲ့ ကူလီကြီးကို လိုအပ်တဲ့ပစ္စည်း သွားလုပ်ဖို့ လွှတ်လိုက်တယ်။ အချိန်က မနက် ၈ နာရီ၊ ၉ နာရီ လောက်ရှိပြီ။ ကူလီကြီး ထွက်သွားတော့ ကျုပ်တို့နှစ်ယောက်စလုံး ကျုပ်တို့ထိုင်နေတဲ့ ဆိုင်မှာ နွားနို့ဆန်ပြုတ် သုံးဆောင်လိုက်ကြ တယ်။ ကျုပ်တို့ စားသောက်အပြီး ကူလီကြီးလည်း သူ့ပစ္စည်းနဲ့ ပြန်ရောက်လာတယ်။

မနက် ၁၁ နာရီမှာ သူ ရာဟုလဂျီးကို သူ့ကျောမှာ ထမ်းပိုး ကာ သုန္ဒရီဇာလတောင်ကို စတင်တက်ပါတော့တယ်။ ညနေ ရောက်တော့ တနမနပသာကို ရောက်လာကြတယ်။ အဲဒီဆိုင်မှာ ညအိပ်ကြတယ်။ နောက်နေ့ မနက်လင်းအားကြီးမှာ ခရီးကို ဆက် ကြပြန်ကာ ညကျတော့ အိမ်တစ်အိမ်မှာ တည်းကြတယ်။ နောက် နေ့မနက် အစောကြီး ထွက်ကြတယ်။ မနက် ၉ နာရီ၊ ၁၀ နာရီ
mgyoe.com

mgyoe.com


လောက်မှာ ဟောလမ္ဗူမှာ ခမ်ဒူအတ်တရကျာချန်လို့ခေါ်တဲ့ တိဗက်လူမျိုးတစ်ယောက်ရဲ့ အိမ်ကို ရောက်ကြတယ်။ အဲဒီမှာ ကူလီကြီးကို ပိုက်ဆံချေကာ ဘောက်ဆူးအဖြစ် တစ်ရူပီးပေးလိုက်တော့ သူ့ခမျာ ဝမ်းမြောက်ဝမ်းသာဖြစ်ပြီး ပြန်သွားလေရဲ့။

နေ့လယ်စာစားပြီးတဲ့နောက် ကျုပ်တို့နဲ့ အင်မတန် ရင်းနှီးတဲ့ ခမ်ဒူရ်ကို ရာဟုလဂျီးအကြောင်း ပြောပြတယ်။ ရှဲရပ ခေါရယဲလာမာဂျီးတိဗက်အသွား ဒီကိုရောက်လာတဲ့အထိ ဒီက အိန္ဒိယပညာရှင်ကြီးကို အစစအရာရာ စောင့်ရှောက်ဖို့၊ တကယ်လို့ အကြောင်း မညီညွတ်လို့ ဒုကပလာမာ မရောက်လာရင်လည်း ရာဟုလဂျီးကို ညာလံကုတိထိ ပို့ပေးဖို့။ ဒုကပလာမာ ဒီကိုရောက်လာရင်တော့လည်း ရာဟုလဂျီးကို ညာလံကုတိထိ ပို့စရာမလိုဘူး။ သူနဲ့ပဲ ရာဟုလဂျီးကို ထည့်ပေးလိုက်ရုံပေါ့။ ဒီလိုနဲ့ ရာဟုလဂျီးကို သူ့လက်ထဲအပ်ခဲ့ပြီးနောက် နောက်နေ့ ကျုပ်ခတ္တမန္ဒုကို ပြန်ခဲ့တယ်။ လမ်းမှာ ဒုကပလာမာဂျီးရဲ့ တပည့်တပန်းတွေ သိလရှင်တွေ ဟောလမ္ဗူကို သွားနေကြတာ တွေ့ရတယ်။ ရာဟုလဂျီးကို ဟောလမ္ဗူမှာ ထားခဲ့ကြောင်း သူတို့ကို ကျုပ် ပြောပြလိုက်တယ်။ တရိုတသေ တလေးတစားနဲ့ သူ့ကို တိဗက်ခေါ်သွားကြပါလို့။ ဒီလိုနဲ့ ကျုပ်သူတို့နဲ့ခွဲပြီး တတိယမြောက်နေ့မှာ ကိန္ဒောလ ဝိဟာရကို ပြန်ရောက်တယ်။ ဒုကပလာမာဂျီးကို အကြောင်းစုံ ပြောပြလိုက်တယ်။

ရာဟုလဂျီးကို ဟောလမ္ဗူထိ လိုက်ပို့ခဲ့ပြီးနောက် ကျုပ်တို့ဟာ ကိန္ဒောလဝိဟာရမှာ ညုနေဝရတ အကျင့်ကို သင်ကြားရင်းဆက်နေခဲ့ကြတယ်။ တစ်နှစ် ကြာသွားပြီးနောက်မှာ ညုနေဝရတ

mgyoe.com

mgyoe.com


ကျင့်ဖို့ ကိန္ဒောလကိုရောက်လာတဲ့ အမျိုးသမီးတွေ အတော်ကလေး များလာတယ်။ ညနေဝရတကျင့်ဖို့ နှစ်ညအိပ်ကြရတယ်။ ဒီတော့ ကျောင်းမှာ ယောဂျားတွေရှိနေတာ မဆီလျော်ဘူး ဖြစ်လာတယ်။ ကျုပ်တို့သားအဖရယ်၊ ဘိက္ခုမဥ္ဇုဟဌရယ်၊ ယောဂျားဆိုလို့ ဒီသုံး ယောက်ပဲရှိတာပါ။ ဒါတောင် လူတွေက တောပြော တောင်ပြော ပြောလာကြရော။ လင်သေသွားတဲ့ ကိုယ်ဝန်ဆောင် မိန်းမတစ် ယောက်ကို ကိန္ဒောလခေါ်လာ၊ ညနေဝရတ အကျင့်ခိုင်း၊ သားဖွား ပြီးနောက် ကျုပ်ကို အဖေခံခိုင်းဖို့တောင် စိတ်ကူးလိုက်ကြသေး။ ကိုယ်ပြောထားတဲ့အတိုင်း မလုပ်ရသေးလေတော့ ကျုပ်လည်း မထွက်ခွာနိုင်၊ ညနေဝရတကျင့်တဲ့ မိန်းတွေ အရေအတွက်က လည်း များလို့သာလာနေ၊ နာမည်ပျက်လာမှာလည်း စိတ်ဆင်းရဲရ၊ ကြာတော့ နာမည်ပျက်မခံဘဲ ဒီနေရာကလစ်ဖို့ အဇ္ဈတ္တက ပြော လာပါတယ်။ ဒါပေမဲ့ ဗြုန်းစားကြီး စခန်းကို ပိတ်လိုက်ရမယ်ဆို တော့လည်း မဖြစ်ချေသေးဘူး။ ဒါနဲ့ကျုပ် ညနေဝရတစခန်း ဆက် ဖွင့်နေရပြန်ရော။

ရာဟုလဂျီး ခတ္တမန္ဒုမှာရှိစဉ်က ဂဇရဝတနနဲ့ သီရိလင်္ကာမှာ ပညာသင်ကြားရေး ဆွေးနွေးခဲ့ပြီး ပတ်စ်ပို့ရရေးတောင် ကြိုးစား နေပြီ၊ ကျုပ်က ဘာမှမသိဘူး။ တစ်ခါတော့ ကျုပ် ဂဇရတနကို ကာလကတ္တားသွားကြရေး ဆွေးနွေးမိတယ်။ ကျုပ် ဒီအမျိုးသမီး အသိုင်းအဝိုင်းက ထွက်ပြေးမှဖြစ်မယ်။ လိပ်ပြာမသိုးမသန့် ဖြစ် လာနေပေါ့။

ကျုပ်သားငယ် တြိရတနက ဆယ်လသားအရွယ် ကတည်း က အမေဆုံးသွားလို့ သူ့အဘွားနဲ့ နေခဲ့တာ။ သူ့ကို သူ့အဘွားနဲ့ပဲ

mgyoe.com

mgyoe.com


ထားခဲ့ပြီး ကျုပ်နဲ့ ဂဇရတနဟာ ကာလကတ္တားနဲ့ ဒေဝဂီရိကို အလုပ်ကိစ္စ ထွက်ခဲ့ကြတယ်။ ကျုပ်ကာလကတ္တားကနေ ဒေဝဂီရိ ဂေါဒမ်အာသံကို တစ်ယောက်တည်း သွားတယ်။ ဂဇနရတနကို သူ့အမေမောင် ဦးလေး ဿျရီမဟာရေဆာဟုနဲ့ ထားပစ်ခဲ့တယ်။ ကျုပ်နဲ့အတူ ယတာခဗေဟာလ်က တုယုကာဂျီရယ်၊ မဟာရေဆာဟုရဲ့သား ရူပနာရယန်ရယ် လိုက်ပါလာတယ်။

အာသံက ဒီကုန်ရောင်းကုန်ဝယ် အချက်အချာစခန်းဟာ သုံးလပဲ ဖွင့်တယ်။ ဘူတန်နဲ့ အာသံ နယ်စွန်နယ်ဖျားမှာ အရောင်းအဝယ် အခြေအနေကို စစ်နဲ့ရဲက ဖန်ဆင်းပေးပါတယ်။ ဈေးသည်တွေက ဝါးတဲတွေဆောက်ကြ၊ သယ်လာတဲ့ ကုန်တွေခင်းကြတယ်။ ဒီသုံးလအတွင်း အကြီးအကျယ် ရောင်းကြ ဝယ်ကြတာပါပဲ။ အာသံလူမျိုးတွေ ဘူတန်လူမျိုးတွေ၊ နာဂလူမျိုးတွေ၊ အိန္ဒိယလူမျိုးတွေ စုံလင်တယ်။ ဒုကပတွေက ရှုပီးသိန်းချိတန်တဲ့ ယွန်းကုန်ကြမ်းတွေ သယ်လာတယ်။ ဒီဈေးမှာ ရောင်းကြတယ်။ နာဂတွေက အာရန်ဒီထည်တွေ၊ အာရန်ဒီပိုးချည်တွေ၊ အာရန်ဒီ ပိုးကောင်တွေ ယူလာပြီး ဒီဈေးမှာရောင်းတယ်။ ကုန်တွေရောင်းပြီးတဲ့နောက်သူတို့လူတွေ သုံးဖို့စားသုံးဖို့ ပစ္စည်းတွေ ဝယ်ကြတယ်။ ဒုကပတွေလည်း အဲဒီမှာ ရောင်းလို့ရတဲ့ ပိုက်ဆံနဲ့ သူတို့လူမျိုးတွေအတွက် ပစ္စည်းမျိုးစုံ ဝယ်ကြတယ်။ အရင်တုန်းက ကျုပ်က လာဆာကလာတဲ့ အာရန်ဒီဆိုတာ အဲဒီမှာထုတ်တာ၊ ကာလကတ္တားက လာတာလည်း ကာလကတ္တားမှာ လုပ်တာလို့ ထင်ခဲ့တာ။ အာရန်ဒီဆိုတာ ဒီဈေးမှာတင်ရရှိနိုင်တဲ့ အထည်ဆိုတာကို ကျုပ် သိခဲ့ဘူး။ ဒီဈေးမှာ ရောင်းဖို့ နာဂတွေ အာသံလူမျိုးတွေက ယူလာခဲ့ကြပြီး ဒီကမှ

mgyoe.com

mgyoe.com

ကာလကတ္တားတို့ လာဆာတို့ဆီ ပို့ကြတာပဲ။ ဒီအရောင်းအဝယ် ဈေးကမှ လက်ကားရောင်းဝယ်ရာ နေရာအစစ်ပဲ။ အခြား အဝတ် အထည်မျိုးစုံနဲ့ လက်ဖက်ခြောက်လည်း ဒီမှာရောင်းတယ်။ ဒီမှာက လက်ဖက်ပင်ပေါက်တဲ့ ဒေသကိုး။

အရင်တုန်းက ကလင်ပုံက လာဆာလမ်းမပေါက်ဘူး။ ဒီတော့ လာဆာသွားမယ့် ကုန်တိုင်း နီပေါလ်ကတစ်ဆင့် ပို့ရတာပဲ။ အဲဒီ တုန်းက တိဗက်ကလူတွေက ကုန်ပစ္စည်းအားလုံး နီပေါလ်မှာစိုက် တာ၊ ထုတ်လုပ်တာလို့ ယူဆခဲ့ကြတယ်။ ဒီလိုနဲ့ နီပေါလ်ကို ရောမတိုင်းပြည်ကြီး၊ နီပေါလ်က လူတွေကိုလည်း ရတနာတွေလို့ ထင်မှတ်ခဲ့ကြတာ။ ခုတော့ ကလင်ပုံကတစ်ဆင့် လာဆာကိုသွား တဲ့လမ်း ပွင့်သွားလေတော့ နီပေါလ်နဲ့ ပတ်သက်ပြီး တိဗက်တွေရဲ့ ရှေးက အထင်အမြင်ဟာ ချည့်နဲ့သွားရတော့တယ်။ အခုဆို တိဗက် လူမျိုးတွေက ကာလကတ္တားကို ကိုယ်တိုင်သွားနေတဲ့ စီးပွားရေး သမားကြီးတွေ ဖြစ်နေကြပြီဆိုတော့ ဘယ်သူကမှ နီပေါလ်လူမျိုး တွေကို အရင်ကလို အထင်ကြီးစရာလို့ မမှတ်ယူကြတော့ဘူး။ နီပေါလ်က ကုန်သည်ကြီး တော်တော်များများ အချည်းနှီး ဖြစ်ကုန် ပြီ၊ ဒီနယ်ထဲ တိဗက်လူမျိုးတွေ ဝင်လာကြပြီကိုး။ အရင်တုန်းက လာဆာနဲ့ ကုန်သွယ်ရာမှာ နီပေါလ်လူမျိုးတွေ လုံးဝနီးနီး ကြိုးကိုင် ခဲ့ကြတာ။ ခုတော့ သူတို့ အလကားဖြစ်ကုန်ကြပေါ့။

ကျုပ်က အာသံကို မရောက်ဖူးတော့ လာဆာကယူလာတဲ့ အာရန်ဒီထည်တွေကို အဲဒီမှာလုပ်တယ် ထင်ခဲ့သလို၊ တိဗက်လူမျိုး တွေကလည်း နီပေါလ်ကယူလာတဲ့ ကုန်ပစ္စည်းအားလုံး နီပေါလ် မှာပေါက်တယ်။ လုပ်တယ်လို့ ထင်ခဲ့ကြတာကလား။ ကိုယ်တိုင်
mgyoe.com

mgyoe.com


ခရီးသွား၊ မြင်တွေ့တော့မှ နေရာဒေသရဲ့ ထွက်ကုန်ကို သိရတာ ဖြစ်တယ်။ ဒီလိုနဲ့ ကျုပ်အာသံမှာ တစ်လနေပစ်လိုက်တယ်။

ကာလကတ္တားမှာ ထားပစ်ခဲ့တဲ့ ကျုပ်သား ဂဇရတနရဲ့ စိတ်ကတော့ သီရိလင်္ကာသွားပြီး ပညာသင်ရေးပဲ ပြင်းပြနေတယ်။ ဒီအကြောင်း သူ့ဦးလေး သျှရီမဟာရေသာဟုကို ရင်ဖွင့်တယ်။ သူက ကျုပ်သဘောတူညီမှုမရဘဲ ခွင့်မပေးရဲဘူး။ ဂဇရတန ဝမ်းနည်းကာ ထမင်းစားပြီး ထွက်သွားတယ်။ နေ့ဘက်အိမ်က ထွက်သွားရင်၊ ညမှပြန်လာတယ်။ ပြန်ရောက်လည်း တစ်ညလုံး ငိုနေတယ်။ ဒီတော့ မဟာရေသာဟုက အာသံ ကျုပ်ဆီစာရေးတယ်။ 'ခင်ဗျာ့သား ရူးနေပြီ၊ ကာလကတ္တား ပြန်လာပါ'တဲ့။ ဒီစာရတော့ ကျုပ် ကာလကတ္တားပြန်၊ သာဟုဂျီးအိမ် ရောက်ရတယ်။ ဂဇရတန တွေ့ရတာ ဖြူရော်ချည့်နဲ့လို့ပဲ။ တွေ့တွေ့ချင်း အော်ငိုတော့တယ်။ ကျုပ်က အကြောင်းစုံမေးတော့ သူ့ကို နီပေါလ်က ဒီကိုခေါ်ခဲ့တာ ပညာသင်ဖို့ဖြစ်ပြီး အခုတော့ ဘာမျှမသင်ရဘဲ ပစ်ထားကြတယ်တဲ့။

ကျုပ်က သူကြိုက်ရာသွား ပညာသင်နိုင်တယ်။ ဒါ သာဟုဂျီး (သူ့ဦးလေး)ကို ခုကို ဒုက္ခပေးဖို့တော့ မသင့်ဘူးလို့ ပြောလိုက်တယ်။ ဒီတော့ ဂဇရတနက 'ကျုပ်ပညာသင်ဖို့ သီရိလင်္ကာသွားမယ်၊ ဘယ်မှမသွားဘူး'တဲ့။ 'မင်းက အဲဒီတိုင်းပြည်ကစကားလည်း မတတ်၊ အသိလည်းမရှိဘဲနဲ့ ဘယ်လိုလုပ်သွားမလဲ။ အဲဒီတိုင်းပြည်ကို သွားမယ့်လူလည်း မရှိဘူး။ မင်း သီရိလင်္ကာကို ဘယ်လို သွားမလဲ' လို့။

"ဒါတွေ အရေးကိုမလုပ်ဘူး" တဲ့ ဂဇရတနက။ "သီရိလင်္ကာ

mgyoe.com

mgyoe.com

သွားဖို့ခွင့်ပြုတာရယ်၊ ခရီးစရိတ် ပိုက်ဆံရယ်ပဲလိုချင်တယ်။ ကျန်တာ ကျုပ်ဘာသာကြည့်လုပ်မယ်” တဲ့။

“ဒီက ကာလကတ္တား မင်းကြိုက်တဲ့ဆီမှာ စာသင်နိုင်တယ်” လို့ ကျုပ်ပြောပြတယ်။ “ဒီမှာ စာသင်လို့ ကုန်ကျသမျှ ငါခံမယ်” လို့။

သူက “ကျုပ် ကာလကတ္တားမှာ ဘယ်တော့မှ စာမသင်ဘူး။ ကျုပ် ပညာသင်ရမယ်ဆိုရင် သိရိလင်္ကာမှာပဲ ရတဲ့နည်းနဲ့ သွားသင်မယ်” တဲ့။

သူ့အမူအရာကြည့်ပြီး ကျုပ်တွေးမိတယ်၊ “ဒီကောင် ခေါင်းမာတယ်။ သူများစကား နားမထောင်တတ်ဘူး၊ အရင်ကဗာရာဏသီ ကျောင်းအိပ် ကျောင်းစား နှစ်နှစ်ပို့ခဲ့တယ်။ ပြန်လာတော့ တော်တော် ပြောင်းလဲလာတယ်။ လင်္ကာမှာစာသင်ဖို့ ဒီစိတ်ကူး အဲဒီကပဲ ရခဲ့တာ၊ ဗာရာဏသီက ပြောင်းလဲလာ သတ္တိရှိလာသလိုပဲ၊ ဘာမှ မကြောက်ဘူး၊ သူက သူကြိုက်တာလုပ်တာပဲ။ ဆုံးမလို့ အကျိုးမရှိဘူး။ သူ့ကံအတိုင်း ဖြစ်ရမှာပဲလေ” လို့။

ဒီလို စဉ်းစားပြီး ပြောပြလိုက်တယ် “မင်း သိရိလင်္ကာသွားချင်ရင် ကိုယ့်ဘာသာ စီစဉ်နိုင်တယ်။ ခရီးစရိတ်လိုသမျှ မင်းဦးလေးဆီက တောင်းနိုင်တယ်။ ခရီးသွားရင် လိုမယ့်ပစ္စည်းတွေ ဘာတွေလည်း မင်းဘာသာဝယ်နိုင်တယ်” လို့။

မဟာစရသာဟုကိုလည်း ခရီးမှာ သူလိုမယ့်ပစ္စည်းတွေ စီစဉ်ပေးဖို့နဲ့ လိုတဲ့ငွေပေးလိုက်ဖို့ ပြောပြတယ်။ ဒီလိုနဲ့ အာသံပြန်ခဲ့ရဲ့။

mgyoe.com

mgyoe.com


ဂဇရတနဆီက စာ

အာသံမှာ လုပ်ငန်းပြီးလို့ ကာလကတ္တား မပြန်ခင်၊ ကျုပ် အပြင်း အထန် ဖျားပါလေရော။ စိတ်ပန်းလူပန်းနဲ့ ကာလကတ္တား ရောက် ခဲ့ရတယ်။ ခုထိ ဂဇရတန သီရိလင်္ကာ မသွားနိုင်သေးဘူး။ အဖော် ရှာတုန်း။ ကျုပ် အဖျားပျောက်တော့ နီပေါလ်ပြန်ဖို့ လုပ်တယ်။ ဝိုင်းတားကြတဲ့ထဲက ကာလကတ္တားမှာနေရတာ စရိတ်ကြီးလွန်း လို့၊ ဂဇရတနကို ခရီးစရိတ်ပေးခဲ့ကာ နီပေါလ်ကို ပြန်ခဲ့တယ်။ ခတ္တမန္ဒူရောက်တော့ ကျုပ်အခြေအနေဆိုးကာ အိပ်ရာက မထနိုင် တော့ဘူး။ ဆေးရုံတက်ရပါတော့တယ်။

အဲဒီမှာ လေးရက်ဆေးမပေးဘဲ ထားကြတယ်။ နောက်မှ ဆေးပေးတော့ လေးရက်အကြာ အရမ်းအန်တော့တာပဲ။ နွားနို့ကို ကျိုချက်၊ ရှောက်ရည် ညှစ်ထည့်၊ အဝတ်စနဲ့စစ်၊ အရည်ကိုတိုက် ကြတယ်။ အန်တာ ရပ်သွားပြီး ဝမ်းဗိုက်ထဲ ပေါ့ပါးလာတယ်။ ဒါပေမဲ့ ညကျအိပ်လို့မရဘူး။

စိတ်ကူးရပြီး စီးကရက်တစ်လိပ် မီးညှိ သောက်လိုက်မိပါ တယ်။ စီးကရက်က ဘိန်းပါသလား အခြားအရာကြောင့်လား တော့မသိ၊ စီးကရက် တစ်ဝက်မကျိုးခင် အိပ်ပျော်သွားပါတော့ တယ်။ နောက်နေ့ နေထွက်မှ ထတော့တာပဲ။ အရင်ကဆို ဆေးရုံ ကကျွေးတာ တစ်ဝက်မကုန်ဘူး။ အခု အကုန်လုံးပြောင်ရော။ နောက်နေ့ အိမ်ကပို့တာ စားတယ်။ ဒါတောင် ဆေးရုံမှာ ဆယ့်သုံး ရက်နေခဲ့ရတယ်။

နေကောင်းပြီးနောက် တစ်လနားတယ်။ ဂဇရတန သီရိလင်္ကာ သွားပြီလို့ သတင်းရတယ်။ ဘယ်လိုသွားလဲ၊ ဘယ်တုန်းကသွား

mgyoe.com

mgyoe.com


တာလဲ အသေးစိတ် မသိရသေးဘူး။

ခြောက်လလောက် ကြာသွားတယ်။ ဂဇရတနသတင်း ဘာမှမရဘူး။ ဘယ်မှာနေတယ်၊ ဘာလုပ်နေတယ် ဘာမှမသိရဘူး။ စာတစ်စောင်မှ မရဘူး၊ နောက်ထပ် သုံးလေးလကြာမှ သူသာမဏေဝတ်စဥ်က ဓာတ်ပုံလေးနဲ့အတူ စာတစ်စောင်ရောက်လာတော့တယ်။ အဲဒီတော့မှ သတင်းစုံသိရတော့တယ်။

သရဏင်္ကာရဆိုတဲ့ သီဟိုဠ်ရဟန်းတစ်ပါးက သူ့ကို သီဟိုဠ်ခေါ်သွားပြီး သူ့ကျောင်းမှာထားကာ ခြောက်လ ခုနစ်လလောက် သီဟိုဠ်စာသင်ပေးတယ်။ ကျောင်းမှာ နေရေးထိုင်ရေး စီစဥ်ပေးတယ်။ အချိန်အတန်ကြာတော့ ဘဒန္တ အာနန္ဒ ကောသလျာယန တရားဟောရင်း အဲဒီရောက်လာတော့ ဂဇရတနကို သွားမြင်တယ်။ အာနန္ဒဂျီးက "ဒီသူငယ်ဘယ်သူလဲ၊ ဒါ သီဟိုဠ်သားနဲ့ မတူပါဘူး" လို့ မေးသတဲ့။

ဂဇရတနက "တပည့်တော် နီပေါလ်လူမျိုး၊ ဒီကို ပညာလာသင်တာပါ၊ အမည် ဂဇရတနပါ ဘုရား" လို့ ပြန်လျှောက်တယ်။

ဒီတော့ အာနန္ဒဂျီးက မိန့်တယ်– "ကောင်းကွာ၊ ငါ မင်းကို ရှာနေတာကြာပြီ၊ မင်းက ဒီရောက်နေတာကိုး၊ ရာဟုလဂျီး (ရာဟုလသံကိစ္စည်း)က ငါ့ဆီမင်းအကြောင်း စာတွေရေးနေတာ။ ဒါမင်းအတွက် နေစရာမဟုတ်ဘူး၊ ဝိဒျလင်္ကာရ ပိသိဝန်လာခဲ့၊ ငါတို့နေရာ မင်းနေရမှာပ။ မင့်ရှာလိုက်ရတာကွာ" တဲ့။ ဒီလိုပြောပြီး အာနန္ဒဂျီး သူ့ကျောင်းပြန်သွားရော။ နောက်တော့ သရဏင်္ကာရဂျီး ဂဇရတနနဲ့အတူ ကေလနိယ ဝိဒျလင်္ကာရ ပိရိလန်ကိုကြွကာ သူ့ကို အာနန္ဒဂျီးလက်ထဲ လွှဲအပ်ခဲ့ပါတော့သတဲ့။ ❑

mgyoe.com

mgyoe.com

## အခန်း [ ၂ ]

အာနန္ဒဂျိုးနဲ့ အဲဒီမှာ နေထိုင်ပညာသင်ပြီးနောက် သူဟာ လုမ္ဗော ကုန ဓမ္မာနန္ဒနာယက မထေရ်ဆီမှာ သာမဏေရ ပဗ္ဗဇဘောင်ဝင် ခဲ့ကာ ဓာတ်ပုံရိုက်၊ စာတစ်စောင် ရေးပြီး အကြောင်းစုံ တင်ပြ တယ်။ အဲဒီစာကို ဖတ်လိုက်ရတော့ ကျုပ်စိတ်ထဲမှာ နီပေါလ်မှာ ဓမ္မဖြန့်ဖြူးဖို့ အချိန်ကျရောက်ပြီလို့ ထင်မြင်မိတယ်။ ဒီနောက် နာဂဇ္ဇုနဂေါမ္ဗမှာ ဆရာတော် ချီနီနေရပုရဲ့ တရားဟောပြောချက် များကို ကြားနာပြီးနောက် သင်္ကန်းဝတ်လာကြတဲ့ မဟာပဂ္ဂ ခေါင်း ဆောင်တဲ့ ရဟန်းငါးပါး ကြုံတွေ့ရပုံကို ကျုပ်တွေးမိတယ်။ သူတို့ ခမျာများမှာ ဆွမ်းခံနေစဉ် အဖမ်းခံကြရပြီး သင်္ကန်း မချွတ်နိုင် ဘူးလို့ ငြင်းကြတော့ နီပေါလ်နယ်မြေက နှင်ထုတ်ခံကြရတယ်။ ဒါကိုသိရတော့ ဗုဒ္ဓမြတ်စွာရဲ့ အမြတ်ဆုံးတရားတော် မကြာမီ နီပေါလ်မှာ ပြန်လည်ရှင်သန်တော့မယ်လို့ ကျုပ်ခံစားရတယ်။ ဒီလို အဖြစ်တွေ နီပေါလ်မှာ ဖြစ်ပွားနေတာ နိမိတ်ပြနေတာပဲ ဖြစ် တယ်။

ရဟန်းတော်တွေကို နီပေါလ်က နှင်ထုတ်လိုက်ကြောင်း

mgyoe.com

mgyoe.com


သိလိုက်ရတော့ ကျုပ် အံ့လည်းလုံးဝ မအံ့သြ၊ လန့်လည်း မလန့်မိဘူး။ ပိုလို့သာ ခိုင်မာ ပြတ်သားလာတယ်။ သာမဏေဘောင် ဝင်ပြီးနောက် ဂဇရတနဟာ အနိရုဒ္ဓဘွဲ့ တွင်လာတယ်။ ဂဇရတနကို သင်္ကန်းဝါဝါနဲ့ မြင်ရမှာ ကျုပ် အလွန်ဝမ်းသာမိတယ်။ သူရောက်လာတဲ့အခါ နီပေါလ်နယ်မြေက မောင်းထုတ်ခံရရင်လည်း အခြားနေရာမှာ မြတ်စွာဘုရား တရားကို ဟောပြောနိုင်တာမို့ ဒါအရေးမကြီးပါဘူးလို့ ကျုပ်တွေးမိတယ်။ ဂဇရတနဆီက စာရတိုင်း ကျုပ်တော့ ဒီအတွေးနဲ့ ကြည်နူးနေမိတယ်။

ဒီနောက်တော့ ကျုပ် ဂဇရတနဆီ သီရိလင်္ကာကို ပစ္စည်းမျိုးစုံနဲ့ ငွေပို့ပေးနေပါတယ်။ ခြင်ရိုက် သားမြီးယပ်ရော၊ နီပေါလ်က ရှေးဟောင်း ကျမ်းစာတွေရောပဲ။ လိန်ချိုစာတိုက်ကို ကျုပ် ဒီပစ္စည်းတွေ သွားပို့နေတော့ နီပေါလ်ကလူတွေ အံ့အားသင့်ကြတယ်။ စာတွေ၊ အထုပ်တွေ၊ သီရိလင်္ကာကိုတောင် အရောက်ပို့နိုင်ကြောင်း သိကြရလို့ပဲ။ ကျုပ်သားကိုယ်တိုင် အဲဒီမှာ စာသင်နေတယ်ဆိုတာကို သိရပြန်တော့ ပိုလို့တောင် အံ့သြကုန်ကြပြန်တယ်။ တစ်နှစ်နေတော့ ဂဇရတနရဲ့ညီ တြိရတန ဆယ့်သုံးနှစ် ဆယ့်လေးနှစ် ဖြစ်လာတယ်။ အနိရုဒ္ဓက သူကြိုက်သလို ပညာရေး စီစဉ်ပေးဖို့၊ တြိရတနကို သူ့ဆီ လွှတ်လိုက်ဖို့ ကျုပ်ဆီ စာတွေရေးတယ်။ ကျုပ်ကလည်း ကျုပ် ဒုတိယသားကိုပါ သူ့လို ပညာသင်ပေးရရင် တရားတော် ပြန့်ပွားရေးအတွက် ဖြစ်နိုင်မှာပဲ တွေးမိတယ်။

အလျင်တုန်းက ရာမယဏ ဟောပြောပွဲတွေ တက်ရောက်ခဲ့ဖူးလေတော့ သီရိလင်္ကာကို မြင်ဖူးချင်တဲ့ စိတ်ကူး ပေါ်လာမိတာ။ ဒုတိယသားကို အနိရုဒ္ဓနဲ့အတူ ပညာသင်ဖို့ ပို့ချင်တဲ့ဆန္ဒ ဖြစ်မိ

mgyoe.com

mgyoe.com

တယ်။ နောက် ကျုပ် စိတ်ကူးပေါက်မိသေးတာက ရာမယဏ ဟောပြောပွဲတွေမှာ ဝိဘိသန အသက်ရှင်ဆဲ ရှိသေးတယ်လို့ ကြားဖူးတယ်။ အဲဒီအတိုင်း မှန်ခဲ့ရင် သူ့ကိုမြင်ဖူးဖို့ အခွင့်အရေးကို ကျုပ်ရမှာ အမှန်ပဲ။ ဒီလိုနဲ့ ကျုပ်မှာ ဒုတိယသား တြိရတနနဲ့အတူ သီရိလင်္ကာကို သွားချင်တဲ့ဆန္ဒ ခိုင်ခိုင်မြဲမြဲ ပေါ်ပေါက်နေပါတော့တယ်။

ကျုပ် သီရိလင်္ကာကို သွားမယ့်အကြောင်း သိရတဲ့အခါ ဂုရုတောလ်မှာ နေထိုင်တဲ့ သီရိဟတ္ထိရတန ဝိစာရီ ကျုပ်ဆီရောက်လာပြီး ပြောပြတယ်။ "ဟာခလာနီရဲ့ သားမောဟန်ရတန သူ့အဖေသေပြီးနောက် ပျက်စီးနေတယ်။ သူ့အမေက မုဆိုးမဘဝကနေ နောက်ယောကျ်ား ယူလိုက်တာကိုး။ ဒီသူငယ်ကိုလည်း အနိရုဒ္ဓဆီခေါ်သွားပြီး အဲဒီမှာ သူနဲ့အတူ ပညာသင်ရေး စီစဉ်ပေးလိုက်ပါ" တဲ့။ မောဟန်ရတနရဲ့ အမေလည်း ရောက်လာပြီး ဒီကိစ္စ အထူးတလည် တောင်းပန်ရတယ်။ ဒီတော့ ပညာဆိုတာ အသုံးဝင်တယ်၊ တန်ဖိုးရှိတယ်လို့ တွေးမိကာ သူငယ်လေးကို တြိရတနနဲ့အတူ သီရိလင်္ကာခေါ်သွားဖို့ စဉ်းစားလိုက်တယ်။ ရဝဏရဲ့ လင်္ကာကိုတွေ့ဖို့ ကျုပ် သိပ်စိတ်စောနေပါပြီ။

## သီရိလင်္ကာမှာ

၁၉၂၈ မှာ ကျုပ် သီရိလင်္ကာသွားဖို့ စဉ်းစားတယ်။ ကျုပ်ဟာ ပုထုဇဉ်တစ်ဦးမျှသာ ဖြစ်တဲ့အတွက် စိုးရိမ်စိတ်တွေ၊ ကြောင့်ကြစိတ်တွေ၊ စိတ်ဆင်းရဲမှု၊ မကျေနပ်မှုတွေ ကြုံနေရတယ်။ ကျုပ်က တစ်ယောက်တည်း နေဖို့ စိတ်ကူးသူဆိုတော့ ဘယ်သူ့ကိုမဆို
mgyoe.com

mgyoe.com

ယုံဖို့ခက်နေတယ်။ တြိရတနရဲ့ အစ်ကိုကတော့ သက်န်းဆီး ပြီးပြီ။ ဒီအငယ်ကောင်ကိုလည်း ပညာသင်ဖို့၊ လေ့ကျင့်ဖို့ သူနဲ့ အတူထားနိုင်ရင် အကောင်းဆုံးပဲလို့ ကျုပ်တွေးမိတယ်။ ဒီလိုနဲ့ ဒီသူငယ်နှစ်ယောက်ကို သီရိလင်္ကာ ခေါ်သွားမယ်။ တိုင်းပြည်ရဲ့ ဓလေ့နဲ့ လူနေမှုကို ကြည့်မယ်လို့ စိတ်ကူးကာ ကျုပ် သူငယ်နှစ် ယောက်နဲ့အတူ ကာလကတ္တားကို ခရီးဆက်ခဲ့တော့တယ်။

ကာလကတ္တား၊ ဟာရိဆန်လမ်း၊ မဓဝဘဝန်မှာ ကျုပ်ရဲ့ အမေဘက်က ဦးလေးရဲ့ စီးပွားရေးလုပ်ငန်းဌာန ရှိတယ်။ ကျုပ် အဲဒီမှာနေစဉ် သီရိလင်္ကာသွားမယ့် လူတစ်ယောက်ယောက်နဲ့ တိုးရင် အကောင်းဆုံးဖြစ်မှာပဲ။ ဒီလို တွေးမိပြီး ကျုပ် အိန္ဒိယပြည် မဟာဗောဓိအသင်းကို သွားတယ်။ အဲဒီက ဆရာတော်ကြီးနဲ့ တွေ့ တော့ ၅ ရက်၊ ၆ ရက်နေရင် သီရိလင်္ကာသွားမယ့် လူတစ်ယောက် ရှိကြောင်း ပြောပြတယ်။ အဲဒီလူက သဘော်မှာ အလုပ်လုပ်တယ်။ 'မင်းဟောင်ရာကိုသွား' လို့ ဆရာတော်ကပြောပြီး သဘော်အမည်နဲ့ နံပါတ်ကိုပေးပါတယ်။ ကျုပ် အဲဒီလူကို သွားတွေ့တဲ့အခါ ကံကောင်းချင်တော့ အဲဒီသဘော်မှာပဲ သူ ကျုပ်ကိုတွေ့တယ်။

ကျုပ် သူ့ကိုတွေ့တော့ သူက ကိစ္စကို မေးပါတယ်။ ဒီတော့ သူ့ကို ကျုပ်က သီရိလင်္ကာက ဝိဇ္ဇာလင်္ကာရ ပိရိဝေနကျောင်းအုပ် မဟာထေရ်က သူငယ်နှစ်ယောက်ကို သူ့တက္ကသိုလ်မှာ ပညာသင် ဖို့ ဖိတ်ခေါ်ထားကြောင်း ရှင်းပြလိုက်တယ်။ "ကျုပ် ခင်ဗျားဆီ လာခဲ့တာ ဒီကိစ္စပါပဲ။ အိန္ဒိယပြည် မဟာဗောဓိအသင်း ဆရာ တော်က ၅ ရက်၊ ၆ ရက်နေရင် ခင်ဗျား သီရိလင်္ကာကို သွားမယ်လို့ ပြောပါတယ်။ အဲဒါ အမှန်ပဲလား" လို့ ကျုပ်သူ့ကို မေးလိုက်တယ်။
mgyoe.com

mgyoe.com


ဒီတော့ သူက ပြန်ပြောတယ်။ "အမှန်ပါပဲ ဒါပေမဲ့ ကျုပ်ဘော့စ်က ကျုပ်ကို ခွင့်မပေးသေးဘူး" တဲ့။ ဒီတော့ ကျုပ်က သီရိလင်္ကာသွားမယ့် ကျုပ်ခရီးစဉ်အကြောင်း အစက စပြောပြလိုက်တယ်။ ကိုယ့်လူ အင်မတန် သဘောကျသွားပြီး ကျုပ်တို့ကို သူနဲ့အတူ သီရိလင်္ကာခေါ်သွားဖို့ သဘောတူတယ်။ သူ့ကိုတွေ့ပြီးနောက် ပြန်မယ်လို့ ကျုပ် ကုလားထိုင်က ထတဲ့အခါ သူက အတင်းအဓမ္မ လက်ဖက်ရည်၊ ဘီစကွတ်၊ မလိုင်မုန့်၊ သစ်သီးတွေ ကျွေးပါတော့တယ်။ အတင်းငြင်းပေမဲ့ မရဘူး။ ဒါနဲ့ ကျုပ်လည်း သူ့စေတနာကို လက်ခံရတော့တယ်။

အဆုံးမှာ သူကဆိုတယ် "ကျုပ်အထက်အရာရှိဆီက ခွင့်ပေးတဲ့အခါ ကျုပ်ခင်ဗျားဆီ ကိုယ်တိုင်လာခဲ့ပါမယ်" တဲ့။ အဲ့သလိုပြောပြီး သူကျုပ်လိပ်စာကို သူ့ဒိုင်ယာရီထဲ ရေးမှတ်တယ်။ အဲဒီနောက် ကျုပ်တည်းခိုရာ ပြန်လာခဲ့တယ်။ ခွင့်ရတော့ ၆–၇ ရက်အကြာ သူကျုပ်ဆီရောက်လာတယ်။ တွေ့ကြတော့ သူက "ခွင့်တော့ရခဲ့ပြီ၊ ခင်ဗျားတို့ ဘယ်တော့ အဆင်သင့်ဖြစ်မလဲ" လို့ မေးပါတယ်။ "ခင်ဗျားသဘောကျ သွားချင်တဲ့အချိန် ကျုပ်သွားနိုင်ပါတယ်" လို့ ကျုပ် ပြန်ပြောလိုက်တယ်။ "တစ်ပတ်အတွင်း ကျုပ်ဆုံးဖြတ်မယ်" လို့ပြောပြီး လူကြီးမင်း မဟာဗောဓိအသင်းဆီ ထွက်ခွာသွားရဲ့။

သူငယ်တွေအတွက် အဝတ်အစား အသစ်ချုပ်၊ လိုအပ်တဲ့ ပစ္စည်းတွေ ဝယ်ပြီးနောက် ကျုပ်တို့အားလုံး မဟာဗောဓိအသင်းကို သွားကြတယ်။ အဲဒီမှာ တစ်ညအိပ်ပြီး နောက်နေ့ နေ့လယ်စာစားပြီးနောက် ကျုပ်တို့ ဟောင်ရာဘူတာရုံကို တက္ကစီနဲ့ သွားကြ

mgyoe.com

mgyoe.com


တယ်။ မဒရပ် လက်မှတ်ဝယ်ပြီး ကျုပ်တို့နှစ်ယောက်ဟာ ချာတိတ် နှစ်ယောက်နဲ့အတူ ခရီးစတင်ခဲ့ကြရော။

လူကြီးဟာ မီးရထားပေါ်မှာ ကျုပ်တို့ကို အစွမ်းကုန် ပြုစု တယ်။ မဒရပ်ရောက်တော့ မီးရထားပေါ်ကဆင်းကာ အားလုံး ဓမ္မသာလာကို သွားကြတယ်။ လူကြီးက မဒရပ်မှာ အရေးကြီးတဲ့ ကိစ္စရှိတယ်။ ဒီလိုနဲ့ ဟိုတယ်မှာ နှစ်ညနေပြီးနောက် မြို့ပေါ်က အရေးကြီးတဲ့ နေရာအားလုံးကို သူ့အလုပ်မပြီးမချင်း လျှောက် ကြည့်ပစ်လိုက်တယ်။ မဒရပ်သူတွေကို တွေ့ရတဲ့အခါ တောင်ပိုင်း က အမျိုးသမီးတွေရဲ့ ထူးခြားတဲ့ လက်ဝတ်လက်စားတွေကို မြင်ကြရတယ်။ သူတို့ နားကပ်တွေက ရွှေတို့၊ ငွေတို့နဲ့ လုပ်ထား ပြီး လေးလွန်းလို့ ပန်ထားတဲ့နေရာမှာ အပေါက်ကြီးတွေ ဖြစ်နေ တော့တယ်။ ဒါတွေကိုမြင်တော့ နီပေါလ်က ဗုဒ္ဓရုပ်ပွားတော်တွေ ရဲ့ နားရွက်တော်တွေကို သတိရမိတယ်။ မဒရပ်က မိန်းမတွေဟာ ဆာရီကို ယောကျ်ားတွေ ဒိုတီဝတ်တဲ့ပုံစံမျိုး ဝတ်ကြတယ်။ ပင်လယ်ရေက ငန်လွန်းလို့ မသောက်နိုင်ဘူး။ အင်မတန် ငန်တာ ပါ။ ပိုက်ခေါင်းကရေပဲ သုံးကြတယ်။

လူကြီးမင်း သူ့အလုပ်ပြီးတော့ တတိယနေ့မှာ ကျုပ်တို့ သီဟိုဠ်ကမ်းခြေကို အင်တာတန်းလက်မှတ် ဝယ်ကြတယ်။ ဘာဖြစ်လို့ အင်တာတန်းလက်မှတ် ဝယ်ရတာလဲလို့ မေးတော့ အင်တာတန်းလက်မှတ် မဝယ်ရင် ဆေးစစ်ဖို့ တစ်ပတ်နေရလိမ့် မယ်။ ဒီလိုဆိုရင် အချိန်အများကြီး ကုန်ရမယ်။ ဖျားသွားရင် အာဏာပိုင်တွေက သီဟိုဠ်ခရီးသွားခွင့် ပေးမှာမဟုတ်ဘူး။ အင်တာတန်းက ခရီးသွားရင် ဆရာဝန်ကိုယ်တိုင် မိမိတို့ အခန်းကို

mgyoe.com

mgyoe.com

လာပြီး စစ်ဆေးမယ်။ ဒီတော့ ဘူတာမှာ နေစရာမလိုတော့ဘူး။ ခရီးသွားခွင့်ကို ချက်ချင်းရကြမယ်။ နို့မို့ရင် ရွှေ့ရပြောင်းရနဲ့ စိတ်ပျက်စရာ ကောင်းလှတယ်လို့ ရှင်းပြပါတယ်။

အဲသလို ခရီးသွားရတဲ့အခါ သိကောင်းစရာလေးတွေကို သိရှိရပြီးတဲ့နောက် ဇိမ်ကျကျနဲ့ပဲ ကျုပ်တို့တစ်တွေ သီဟိုဠ်ကျွန်းကို ရောက်ခဲ့ရတော့တယ်။ ဆိပ်ကမ်းမြို့က အင်မတန်လှတယ်။

လူကြီးမှာ သေတ္တာနှစ်လုံးပါတယ်။ "ဒီသေတ္တာနှစ်လုံးကို ကျုပ် အိမ်ပို့ခိုင်းလိုက်ဦးမယ်၊ ကျုပ် ပြန်မလာမချင်း ဒီလမ်းဆုံမှာပဲ နေကြ" လို့ သူကပြောတယ်။ သူ ပြန်မလာမချင်း ကျုပ်မှာ ဘယ်သူနဲ့မှ စကားတစ်ခွန်း မဖလှယ်နိုင်ဘူး။ ကျုပ်မှ ဒီတိုင်းပြည်ကစကားကို မတတ်ဘဲကိုး။ ဖြတ်သွား ဖြတ်လာလုပ်နေတဲ့ ဘိက္ခု (ရဟန်း)အချို့ကို မြင်ရတယ်။ တစ်ခါ ပေါ်ပေါက်လာတဲ့ ဘိက္ခုတစ်ပါးကို အနိရုဒ္ဓများ ဖြစ်လေမလား ထင်မိသေးရဲ့။ လူကြီးမင်း အရောက်နောက်ကျလာတော့ ကျုပ် စိုးရိမ်စပြုလာတယ်။ သီဟိုဠ်စကားမတတ်လေတော့ ကျုပ် စိုးရိမ်စပြုလာတယ်။ သီဟိုဠ်စကားမတတ်လေတော့ ဘာလုပ်ရမှန်းမသိ ပူပန်မိတယ်။ နောက်တော့ သူမဟုတ်တာ မလုပ်ပါဘူးလေလို့ တွေးမိတယ်။

အကြာကြီး နောက်ကျပြီးမှ လူကြီးမင်း မော်တော်ကားနဲ့ ပေါက်ချလာကာ "ကျုပ်နောက်ကျသွားလို့ စိုးရိမ်နေလား" လို့ ကျုပ်ကိုမေးတယ်။ ကျုပ်တို့ လုံးဝပြန်မပြောမိဘူး။ အဲဒီနောက် ကျုပ်တို့ကို မော်တော်ကားနဲ့ ဝိဇ္ဇာလင်္ကာရ ပိရိဝေနကို ခေါ်သွားတယ်။ အနိရုဒ္ဓက အဲဒီမှာ မရှိဘူး။ ကျုပ်တို့ကို သိတဲ့လူတစ်ဦးမှ မရှိဘူး။ ဟိုလူကြီးက အနိရုဒ္ဓရဲ့ ဆရာနဲ့ စကားပြောကြည့်တယ်။
mgyoe.com

mgyoe.com

အဲဒီတော့ ပိရိဝေနကျောင်းထိုင် ဆရာတော် ဓမ္မနန္ဒ ဟာမိန္ဒြုရက ကျုပ်တို့နေဖို့ အခန်းတစ်ခန်း ဖွင့်ပေးတယ်။ အချိန်အတန်ကြာ တော့ အနိရုဒ္ဓလည်း ပြန်ရောက်လာတယ်။ ဒီတော့ ကျုပ်တို့ကို လိုက်ပို့တဲ့ ပုဂ္ဂိုလ်ကလည်း စိတ်ချလက်ချ ပြန်သွားရော။

သိဟိုဠ်မှာ ပြင်ပကလာသူ တစ်ဦးဟာ တစ်ပတ်တိတိ ဆေးရုံကို နေ့စဉ်သွားပြီး အဲဒီကပေးတဲ့ဆေး စားရတယ်။ ဒီလိုနဲ့ ကျကျနန ဆေးစစ်၊ ဆေးကုပြီးမှ နေရတာပါ။ ဒါမလိုက်နာတဲ့ သူကို အပြစ်ပေးပါတယ်။ ဒီတော့ နေ့စဉ် ကိုလံဘိုကို ဘတ်စ်နဲ့ သွားရတယ်။ ဆရာဝန်က မလွှတ်မချင်း ဆေးရုံမှာရှိနေရတယ်။ ဒီစည်းကမ်းဟာ အားလုံးနဲ့ ဆိုင်တယ်။ ဆေးဖိုးဝါးခ တစ်ပြားမှ မပေးရဘူး။

ကျုပ်တို့ အဲဒီမှာ ဒီလိုနဲ့ လေးရက်ကုန်သွားတယ်။ အသီး အရွက်တို့၊ ပဲတို့ပြုတ်ရင် အုန်းရည်အများကြီး သုံးကြတာကိုး။ နေရာအပြောင်းအလဲဆိုတော့ ကျုပ် အအေးမိသေးတယ်။ မကြာမီ ဆေးကုပျောက်သွားတယ်။

ဒီနောက် ကျုပ် ရဝဏ (ဒသဂိရိ)ရဲ့ နန်းတော်ကို သွားကြည့် ချင်စိတ် ပေါက်မိတယ်။ ဒါပေမဲ့ နီပေါလ်မှာ တက်ရောက်ခဲ့တဲ့ ဘာသာရေးဟောပြောပွဲတွေနဲ့ ဒီက တကယ့်ဘဝနဲ့က တခြားစီပဲ။ ကောင်းမြတ်တဲ့ စိတ်နေသဘောထား၊ ခင်မင် ဖော်ရွေမှု၊ တရား တော်ကို လေးစား ကိုင်းရှိုင်းကြပုံတို့ကို မြင်ရတော့ ကျုပ်အံ့ဩရ တယ်။ သီရိလင်္ကာနဲ့ ယှဉ်လိုက်တော့ နီပေါလ်ဟာ လုံးဝ အခြေခံ မရှိဘူး။ ကျုပ်အဲဒီမှာနေစဉ် ဒီအတွေးတွေ ဝင်နေမိတယ်။

ရက်အနည်းငယ်ကြာပြီးနောက် ကျုပ် အနုရာဓပူရမြို့ကို

mgyoe.com

mgyoe.com

သွားတယ်။ မဟိန္ဒမဟာထေရ် ကောင်းကင်က သက်ဆင်းခဲ့တဲ့ မြို့ပေါ့။ အဲဒီမှာ ကျောက်တုံးကြီး တစ်တုံးတည်းကို ထုထားတဲ့ ဉာဏ်တော် ၂၅ ပေရှိ သမိုင်းဝင် ဗုဒ္ဓရုပ်ပွားတော်ကြီး၊ တောင်တစ်တောင်က ဂူငါးဂူ၊ ဗုဒ္ဓမြတ်စွာဘုရားရဲ့ ဒန္တဓာတု (မြတ်စွယ်တော်)၊ နာမည်ကျော် မဟာဗောဓိ ညောင်ပင်တို့ကို ဖူးတွေ့ခဲ့ရတယ်။ ဒီနေရာတွေ အားလုံးမှာ ကျုပ်ရှိခိုးပူဇော်ခဲ့တယ်။ ဒီက တောအုပ်တွေမှာ သီဟိုဠ်ဘုရင်တွေရဲ့ နန်းတော်ပျက် ကျောက်တုံး ကျောက်သားများကို တွေ့ခဲ့ရတယ်။ နေရာတိုင်းမှာ ကြီးမားလှတဲ့ ကျောက်တိုင်ကြီးတွေ အများအပြားပဲ မြင်ခဲ့တယ်။

အနုရာဓပူရမှာ ရုဝဏဝေလိ ဒုဋ္ဌဂါမဏိမင်းကြီး တည်ခဲ့တဲ့ စေတီတော်ကြီးကို ပြင်နေကြတယ်။ ကျုပ်ရောက်သွားတော့ ပြင်ဆင်နေတာ တစ်ဝက်ပြီးနေပါပြီ။ ဒီစေတီတော်ကြီးက ဘယ်လောက်ကြီးသလဲဆိုရင် ထောင့်တစ်ထောင့်က တီးဝိုင်းကတီးနေရင် ဟိုဘက်ထောင့်က မကြားရသလောက်ပါပဲ။ တံတိုင်းကိုပဲ ဘိလပ်မြေနဲ့ အင်္ဂတေနဲ့ ဆောက်နေကြတာပါ။ ထိပ်မှာလုပ်နေတဲ့ လူတွေကို ငယ်ငယ်လေးပဲ မြင်ရတယ်။ အပေါ်ကနေ ငုံ့ကြည့်လိုက်ရင်လည်း အောက်ခြေက လူတွေကို ပုရွက်ဆိတ် ကလေးတွေလောက် မြင်ရပေလိမ့်မယ်။ ဘုရားပြုပြင်ရေး အလှူခံဌာနရှိပြီး ငွေလှူရင် ဖြတ်ပိုင်းပေးပါတယ်။ ကျုပ် ရူပီးတစ်ဆယ် လှူလိုက်တယ်။

သီရိလင်္ကာတစ်ဝန်း နှံ့နေအောင် လှည့်လည်သွားလာ၊ သွားသင့်သွားထိုက်တဲ့ အရေးကြီး ဘာသာရေးဌာနတွေ ဖူးပြီးနောက် ကျုပ်လည်း ချာတိတ်နှစ်ယောက်ကို အနိရုဒ္ဓဆီ ထားခဲ့တယ်။ တစ်ချိန်တည်းမှာပဲ ကာလကတ္တားက ကြေးနန်းတစ်စောင် ရရှိ
mgyoe.com

mgyoe.com


တယ်။ ဂျောဂ်မန်သေပြီ၊ အမြန်ထွက်ခွာလာခဲ့ပါလို့ ဆိုတယ်။

ဒီလိုနဲ့ ကျုပ်မှာ တစ်လတည်းနေပြီးနောက် ကာလကတ္တား ကို ထွက်ခွာရပါတော့မယ်။ ထွက်ခွာတော့မယ့် အချိန်ကျမှ နီပေါလ်မှာ ပိဋကပတ္တ (သပိတ်)စသည်ကို ကြည့်ချင်လို့တောင် မရှိဘူးဆိုတာ တွေးမိတယ်။ ဒါနဲ့ ဒီကနေ တစ်စုံယူသွားမှ ဖြစ်မယ်။ နီပေါလ်မှာ သပိတ် ပရိက္ခရာစုံကို ကိုးကွယ်ထားမယ်၊ သင်္ကန်း ဝါဝါကို နီပေါလ်နိုင်ငံသူ နိုင်ငံသားတွေကို ပြရမယ်။ အဲဒီလို စိတ်မှာတွေးပြီး အရှင်သူမြတ် ဓမ္မနန္ဒ ဟန္ဒုရှုဂျီးဆီ သွားပြီး အဋ္ဌပရိက္ခရာတစ်စုံကို တောင်းပါတယ်။ "တပည့်တော် တိုင်းပြည် မှာ စီဝရပတ္တဆိုတာ ပြပွဲပြဖို့တောင် ရှာရတာခက်တယ်။ ဒါကြောင့် တပည့်တော်ကို တစ်စုံစွန့်ရင် အဲဒီမှာ ကိုးကွယ်ထားပါ မယ်" လို့ လျှောက်တယ်။ ဆရာတော်က ရယ်ကာ ကျုပ်ကို အဋ္ဌ ပရိက္ခရာ (ပရိက္ခရာရှစ်ပါး) တစ်စုံပေးပါတယ်။ ကျုပ်လည်း သီဟိုဠ်ကနေ အိန္ဒိယကို တစ်ယောက်ထီးတည်း ပြန်လာခဲ့တယ်။

ပရိက္ခရာ ရှစ်ပါးက အသစ်ဆိုတော့ သင်္ဘောမှာ လေးရှုပီး အခွန်ဆောင်ခိုင်းပါတယ်။ တောင်းတဲ့အတိုင်း ပေးဆောင်လိုက် တာ ပင်လယ်ကို သင်္ဘောနဲ့ ဖြတ်ကူး၊ မန္ဒပ်ကို မီးရထားနဲ့ ချဉ်းကပ်ခဲ့တယ်။ အဲဒီမှာ မဒရပ်ကို လက်မှတ်ဝယ်၊ နှစ်ရက် ရပ်နား ပြီးနောက် ကာလကတ္တားကို ထွက်ခဲ့တယ်။ အဲဒီနောက်တော့ လုံးဝ အမှီခိုကင်း လွတ်လပ်နေတာကို ကျုပ် ခံစားရတယ်။ ကာလ ကတ္တားမှာ သုံးလေးရက်နေပြီး နီပေါလ်ပြန်လာခဲ့တယ်။

mgyoe.com

mgyoe.com


## ရဲစခန်းမှာ ခုနစ်ရက်

ခတ္တမန္ဒုမှာ ကျုပ်က ကိန္ဒောလဝိဟာရမှာပဲနေတာ၊ သပိတ်သင်္ကန်းကို အဲဒီမှာထားတယ်။ ကျုပ်အဌမိဝတ္တကို ကျင့်ပါတယ်။ လူအများပဲ ဝတ္တကျင့်ဖို့ စုရုံးလာကြတယ်။ ဝတ္တကျင့်ဖို့ မုဋ္ဌိဒါန (အလှူငွေ) ကောက်ခံရေးအတွက် ပုံနှိပ်လက်ကမ်းစာ ဝေကြတယ်။ အဌမိဝတ္တကို ခတ္တမန္ဒုမှာကျင့်တာ ကောင်းကောင်းကြီး စတင်ခဲ့တော့ တချို့လူများ ကျုပ်တို့ကို မနာလိုမရှုဆိတ် ဖြစ်လာကြတယ်။ စီအိုင်ဒီတွေ အများကြီး ကိန္ဒောလဝိဟာရကို ရောက်လာတော့တယ်။ ဒါနဲ့ပတ်သက်ပြီး ဟုတ်တဲ့သတင်းရော မဟုတ်တာရော ဘုရင့်ဆီ ရောက်ကုန်တယ်။ ဒီလိုနဲ့ အဌမိဝတ္တကျင့်လို့ တစ်နှစ်ခန့် ကြာပြီးနောက် တစ်စုံတစ်ဦးက ဘုရင့်ဆီကို နရဒေဝီ ညတ္တလ်က သတ္တရတန တုလဓရဟာ မလျော်ကန်တဲ့ တရားအကျင့်ကျင့်နေပါကြောင်း သတင်းပို့ပါလေတော့တယ်။

အဲဒီခေတ်က နီပေါလ်မှာ တုလဓရ(ဇာတ်)က ချက်တဲ့ ဆွမ်းကို ခံယူနိုင်တဲ့ ဝဇိရာစရိယတွေနဲ့ မခံယူနိုင်သူတွေ ပဋိပက္ခ ဆက်လက်ဖြစ်ပွားနေတယ်။ ဝဇိရာစရိယတွေကို ထောက်ခံကာ တုလဓရဇာတ်ကို သဘောကျနေတဲ့ သီရိယောဂ ဝီရသီဟ၊ မဏိကမ်မန်၊ ကရုဏာရတန၊ သိဒ္ဓိရတန၊ မန်ဒါဆ်၊ ဟရသျှဒါဆ်၊ မန်ဒေဝ၊ စိတ္တဓရ၊ ဓမ္မမန်၊ မဥ္ဇုပ္ပာရ်သျှ၊ အပြင်ပမှာ နေထိုင်သူတွေနဲ့ ကျုပ်လိုလူတွေကို တစ်နှစ်လုံး ဓွေလခေတ်မှာ နေ့စဉ်လာရောက်ကြရမယ်လို့ အမိန့်ထုတ်ပြီး အနှောင့်အယှက်ပေးတာ ခံကြရတယ်။ ရှေးရိုးစဉ်လာ အကျင့်သီလတွေကို ချိုးဖောက်တဲ့ လမ်းလိုက်လို့၊ လူ့အဖွဲ့အစည်း ပြုပြင်ပြောင်းလဲရေးတွေ ဦးဆောင်

mgyoe.com

mgyoe.com



ဦးရွက်ပြုနေလို့ ကိန္ဒောလဝိဟာရနဲ့ အဆက်အသွယ်မရှိ ဝင်ခွင့် တောင်မရှိသဖြင့် မဟုတ်တမ်းတရမ်းတွေနဲ့ ကိန္ဒောလအမှုဆိုတာ လုပ်ကြတယ်။ မဟာရာဇ ဘီမသံသေရဆီ အမှုတင်ကြတယ်။ ဒီတော့ ဘုရင်က မျက်မာန်တော်ရှကာ ယောဂဝီရသီဟ၊ မဏိက်မန်၊ သိဒ္ဓိရတန၊ ကရုဏာရတန၊ မန်ဒါဆ်တို့ကို နန်းတော်ဖိတ်ခေါ်ပြီး ရက်ရက်စက်စက် ရိုက်နှက်စေတယ်။ ကိုယ်တော်တိုင်လည်း ရိုက် တယ်။ ရဲစခန်းပို့ပြီး နယ်နှင်ခိုင်းလိုက်တယ်။ အဲဒီနောက် ယောဂ ဝီရသီဟ တစ်ဦးတည်းကို ဆင့်ခေါ်ကာ အစောင့်နဲ့ ထိန်းထားလိုက် တယ်။

ဒီလိုနဲ့ ဝိကြမနှစ် ၁၉၈၈ (ခရစ်နှစ် ၁၉၃၁)၊ ကြတ္တိကာလ (အောက်တိုဘာ– နိုဝင်ဘာ) ၂၁ ရက်မှာ ကျန် ကျုပ်တို့လေး ယောက်ကိုလည်း ဆုံးဖြတ်ချက်အရ ရဲစခန်းကို ဆင့်ခေါ်တယ်။ မန်ဒေဝ စိတ္တာရနဲ့ ကျုပ်တို့ သုံးယောက်သားကို အစောင့်နဲ့ ကြပ် မတ်ထိန်းသိမ်းထားတယ်။ ဟရသဒါဆ်ကတော့ မြေအောက်လျှိုး သွားလို့ ဖမ်းမရဘူး။ ကျုပ်တို့ကို ကြီးလေးတဲ့ အပြစ်ဒဏ်ပေးတော့ ညမှာ ရဲသားတွေအားလုံး အံ့သြကုန်ကြတယ်။

ရဲစခန်းမှာ ချုပ်နှောင်ထားတဲ့ လူတွေကို နံနက်စောစော မှာ တုန္ဒိခေလကို ခေါ်သွားတယ်။ မန်ဒါဆ်နဲ့ မဏိက်မန်တို့ကို အနောက်ဘက် နယ်နှင်လိုက်တယ်။ သိဒ္ဓိရတနနဲ့ ကရုဏာရတန တို့ကို အရှေ့ဘက်နယ်နှင်လိုက်တယ်။ ကျုပ်တို့ သုံးယောက်နဲ့ ယောဂဝီရကတော့ အစောင့်အကြပ်နဲ့ ရှိဆဲ။

အဲဒီနေ့ မွန်းတည့်မှာ ဝန်ကြီးချုပ်နဲ့ ယုဒ္ဓသံသေရကို ဘုရင့် ဆီ မော်တော်ကားနဲ့ သွားကြတယ်။ ဘုရင်နဲ့ ဝန်ကြီးချုပ် ပတာဂီရို

mgyoe.com

mgyoe.com

မှာဆုံကြပြီး ကျုပ်တို့အားလုံးကို သူတို့ရှေ့မှောက် တင်သွင်းတယ်။ အရာရှိချုပ်က ပြောဆိုကာ ယောဂဝီရကု ငွေထုတ်ပေးပြီး သူ့ကို ဦးညွှတ်ထွက်ခွာသွားတယ်။ ကျုပ်တို့သုံးယောက်ကို ဇယဝလခေလ အရာရှိချုပ်ရုံး ခေါ်သွားဖို့ အမိန့်ချတယ်။ အဲဒီမှာ အစောင့်နဲ့ ကြပ်မတ်ထားတယ်။ နောက်နေ့မှာ ရုံးတွေ ခြောက်ရက်ဆက်ပိတ်တယ်။ ဒီတော့ အဲဒီရက် ကျုပ်တို့ အဲဒီမှာပဲနေကြရတာပေါ့။

ကျုပ်တို့ ဂါတ်တဲခေါ်သွားတဲ့နေ့က အရာရှိချုပ်စိတ် ဘာဖြစ်တယ်တော့ မသိဘူး။ အကျိုးဆက်ကတော့ ရဲသားက ကျုပ်တို့ကို ထမင်းချက်ရမယ့်နေရာကို ပြတယ်။ လိုအပ်တဲ့ပစ္စည်းတွေ အကုန်ထုတ်ပေးပြီး ကျုပ်တို့ကို ကောင်းကောင်းမွန်မွန် ဆက်ဆံတော့တယ်။ အိမ်သာသွားရာမှာလည်း ကောင်းကောင်းမွန်မွန် လိုက်ပို့တယ်။

တရားရုံးပြန်ဖွင့်တော့ ကျုပ်တို့ကို ရုံးခေါ်သွား၊ ခံဝန်ချုပ်လက်မှတ်ကို ထိုးစေတယ်။ မုဋ္ဌိဒါနအလှူခံစာရွက် ထုတ်ဝေတဲ့အတွက် တစ်ဦးကို ဒဏ်ငွေ ရူပီး ၅၀ စီ ပေးဆောင်ကြရတယ်။ အဲဒီလုပ်ရပ်နောက်မှာတော့ ဝိကြမနှစ် ၁၉၈၈ (ခရစ် ၁၉၃၁) ကြတ္တိကာလ ၂၈ ရက်နေ့မှာ ကျုပ်တို့ လွတ်လာကြတယ်။ တိုင်းပြည်က နှင်တာခံရတဲ့ လူတွေကိုလည်း ပြန်ခေါ်လိုက်ပြီး ခံဝန်ချုပ်လက်မှတ် ရေးထိုးကြရတယ်။

## စစ်တွေသို့

ဒီလိုကြုံရပြီးနောက် ကျုပ် နီပေါလ်မှာ မနေချင်တော့ဘူး။ စစ်တွေမှာ တရားဓမ္မ လေ့လာသင်ကြားဖို့ အကြီးအကျယ် ဆန္ဒပေါ်ပေါက်

mgyoe.com

mgyoe.com

မိတယ်။ ဥပါသိကာ လေးငါးယောက်လည်း ကျုပ်နဲ့အတူ စစ်တွေ လိုက်ဖို့ ဆန္ဒပြင်းပြနေကြတယ်။ လေးငါးလကြာပြီးနောက် ဥပါသိကာများနဲ့အတူ ကျုပ် နီပေါလ်ကထွက်ခဲ့တယ်။ ဗုဒ္ဓဘာသာ ဌာနများကို ဖူးမြော်ကြပြီးနောက် ဆရာတော်စန္ဒမဏိ မဟာထေရ ဆီက စာတစ်စောင်နဲ့အတူ စစ်တွေကို ခရီးစတင်ခဲ့တယ်။

စစ်တွေရောက်တော့ နီပေါလ်ပြည်က ဗုဒ္ဓဘာသာတွေဆိုပြီး ဒေသခံ ဗုဒ္ဓဘာသာတွေ ကျုပ်တို့ကို အထူးအဆင်ပြေပြေနေနိုင် အောင် စီစဉ်ပေးကြပါတယ်။ မဟာပဇာအမည်ရှိ နီပေါလ် ဘိက္ခု တစ်ပါးကို ကုသိနဂရက ဆရာတော်က စစ်တွေမှာ ဗုဒ္ဓတရား တော်သင်ယူဖို့ လွှတ်ထားတာလည်း ရှိတယ်။ နီပေါလ် ဘိက္ခုကမ္ဘ သီလလည်း အဲဒီမှာ သာမဏေရအဖြစ်နဲ့ ဗုဒ္ဓဘာသာ လေ့လာနေ တယ်။ သူနဲ့အတူ ဗုဒ္ဓရတနာခေါ်တဲ့ နီပေါလ်လူမျိုး သူငယ်တစ် ယောက်လည်း သာမဏေရအဖြစ်နဲ့ (ကိုရင်ဘဝနဲ့) ဗုဒ္ဓဘာသာကို သင်ယူနေတယ်။ စစ်တွေမှာ ကျုပ်တို့ဟာ ဗုဒ္ဓဘာသာဆိုင်ရာ သီလနဲ့ ဝိနယနည်းနာတွေ သိကျွမ်းလာကြရတယ်။

အဲဒီမှာ တစ်လလောက် နေထိုင်ပြီးနောက် ကျုပ် ရန်ကုန်ကို သွားပါတယ်။ မစ္စတာ အီမန့်ဆီမှာ တည်းတယ်။ သူက မဟာ ပဇာဂျီးနဲ့ သာသနာဇောတိဂျီးတို့ သင်္ကန်းဝတ်ရေး ဒါယကာခံခဲ့တဲ့ ပုဂ္ဂိုလ်ပေါ့။ တကယ်လို့များ ကျုပ် မြန်မာနိုင်ငံထဲ ရောက်သွားရင် ရန်ကုန်ကိုသွားပါလို့ ကုသိနဂရ ဆရာတော်က မှာထားတယ်။ ဆရာတော်မှာ ရန်ကုန်လာဖို့ ငွေမရှိတာကို ကျုပ်မသိဘူး။ ဆရာ တော် ရန်ကုန်လာမယ်ဆိုတော့လည်း ကျုပ်က စောင့်နေတာပေါ့။ ဒါပေမဲ့ ကိုယ်တော်ကရောက်မလာ။ နောက်တော့ ဆရာတော်ဆီ
mgyoe.com

mgyoe.com

က စာရောက်လာတယ်။ "ငါ ရန်ကုန်ရောက်ရေး မင်းအပေါ်တည် တယ်" တဲ့။ တကယ်ပါ ဆရာတော့်မှာ ရန်ကုန်လာဖို့ ငွေလုံးဝမရှိ ကြောင်း အရင်ကကျုပ် မသိခဲ့ရိုးအမှန်ပါ။

ရန်ကုန်မှာ မစ္စတာအီမန်က ကျုပ်ကို သူ့အိမ်မှာ ကောင်း ကောင်း ကျွေးမွေးပြုစုပြီး တစ်လခွဲတိတိ ထားခဲ့ပါတယ်။ ဆရာ တော်ကို အကြာကြီး စောင့်နေပါသော်လည်း ပေါ်တော်မူမလာ တော့၊ ကိုယ်နဲ့အတူပဲ ရန်ကုန်ကို တစ်ပါတည်းပင့်ဖို့ ကျုပ် ကာလကတ္တားကို ထွက်ခဲ့ပါတော့တယ်။

* * *

## ကုသိနဂရမှာ ကျုပ် ရဟန်းခံခြင်း

ကာလကတ္တားကို တစ်ယောက်တည်း အလည်သွားခဲ့ရာ သိရိဂျန် မန်ဥပါသကာကို အဲဒီမှာတွေ့တယ်။ သူကလည်း သူ့အလုပ်ကိစ္စ ပြီးရင် ရန်ကုန်သွားချင်တဲ့ ဆန္ဒရှိတယ်။ ကျုပ်တို့ ကာလကတ္တား မှာ အတူနေကြစဉ်၊ လရှမီနာခ်ီနဲ့ ဒန်မယ ဥပသကာတို့ဟာ စစ်တွေက ဆရာတော် ရှန်ဂဲဒေါ်ဂျဲနဲ့ ကာလကတ္တား ရောက်လာ ကာ ကျုပ်တို့ကို ရှာနေကြတယ်။ ကမ္ဘသီလ ဘိက္ခုနဲ့ ဗုဒ္ဓရတန တို့ကို စစ်တွေမှာ ထားခဲ့ကြသတဲ့။ သူတို့ကို နီပေါလ် ပြန်ပို့လိုက် ပြီး ဂျန်မန်နဲ့ ကျုပ် ကာလကတ္တားကနေ ကုသိနဂရ (ကုသိနာရုံ) ခရီးဆက်ခဲ့ကြတယ်။ ရောက်တော့ ဆရာတော်နဲ့တွေ့တယ်။ "တပည့်တော် ရန်ကုန်မှာ ဆရာတော်ကို အကြာကြီးစောင့်တာ၊ ဆရာတော်ကြွမလာဘူး" လို့ ကျုပ်က ပြောပြတယ်။

"မင်းက ငါ့ဆီ ဖိတ်စာသာပို့တာ၊ ခရီးစရိတ် ငွေမှမပို့တာပဲ၊

mgyoe.com

mgyoe.com

မလာနိုင်ဘူးပေါ့" လို့ ဂုရုဂျီးက မိန့်တယ်။

ဒီတော့ ကျုပ်က ဂုရုဂျီးကို "အခုကော ဆရာတော် ရန်ကုန်ကြွဖို့ ဆန္ဒရှိသေးသလား ဘုရား" လို့ မေးလိုက်တယ်။

ဂုရုဂျီးက "ခရီးစရိတ်ငွေရှိရင် ဘယ်မသွားဘဲနေမလဲကွ" တဲ့။

အဲဒီတော့မှ အစစ ရှင်းသွားတယ်။ ဂုရုဂျီးကို လျှောက်လိုက်တယ်။ "ငွေအတွက် ပူစရာမရှိပါဘူးဘုရား" လို့။ ဒီတော့ ဂုရုဂျီးလိုက်ဖို့ သဘောတူရော။

အဲဒီတုန်းက ကျုပ်မှာ ရူပီးတစ်ထောင်နီးပါးရှိတယ်။ အိတ်ထဲအဲဒီငွေထည့်ပြီး ခရီးသွားရတာ စိတ်မပေါ့ပါးဘူး။ ဂျန်မန်မှာလည်း မြန်မာပြည် ဘုရားဖူးသွားဖို့ ငွေရူပီးခြောက်ရာ ခုနစ်ရာလောက်ရှိတယ်။ ဒီငွေကို ရဟန်းတွေ ဆွမ်းကျွေးဖို့ ဒီမှာ လှူသင့်တယ်လို့ ကျုပ်က ဂျန်မန်နဲ့ဆွေးနွေးတယ်။ သူက "ခင်ဗျားသဘောပဲ၊ ကျုပ်မှာလည်း ခရီးစရိတ် အလုံအလောက်ရှိပါတယ်" လို့ ပြောပါတယ်။ ကိစ္စကို ဆွေးနွေးပြီးနောက်၊ ကုသိနဂရမှာ မြေဝယ်ဖို့ ငွေခြောက်ရာလှူမယ် တွေးမိတယ်။ အဲဒီအချိန်က သာဝတ္ထိက သီရိမဟိန္ဒရ ဘာဘာလည်း အဲဒီရောက်နေတယ်။ ဒီပုဂ္ဂိုလ်တွေ အားလုံးရှေ့မှာပဲ ငွေခြောက်ရာကို အရပ်ရပ်က ကုသနဂရဘုရားဖူးရောက်လာတဲ့ ရဟန်းတွေ ဆွမ်းကျွေးဖို့ လှူလိုက်ပါတယ်။ ကျုပ်တို့ အဲဒီမှာနေတာကြာသွားတော့ ဂျန်မန် သူ့အိမ်က စာရပါတယ်။ သူ့မိန်းမက သူ့ကို ကျုပ်နဲ့ မြန်မာပြည်ကို ဘုရားဖူးမလိုက်ဖို့ ရေးလိုက်တာပါ။

အဲဒီအချိန်မှာပဲ နာဆာနာခီမှာနေသူ သီရိမောတိခရိရှန

mgyoe.com

mgyoe.com

ကျုပ်တို့အကြောင်းကြားလို့ ဘုံဘောကအပြန် ကျုပ်နဲ့တွေ့ဖို့ ကုသိနဂရ ဝင်လာတယ်။ သူက စိတ်နည်းနည်းချောင်တယ်။ သူ့အပြုအမူတွေ့ရတော့ ကုသိနဂရ ရိပ်သာက လူတွေက သူ့ကိုကျွေးမွေးဖို့ မလေးနက်ကြတော့ဘူး။ တစ်နေ့မှာတော့ ချက်ကို မချက်ကြတော့ဘူး။ ဂျန်မန်လည်း ဒါကိုခံစားမိပြီး အဲဒီနေ့ပဲ ခတ္တမန္ဒူ ထွက်သွားရော။ ခု ကျုပ်ချည်း ကုသိနဂရမှာ ကျန်ရစ်ပေါ့။ ကျုပ်နေ့တိုင်း စိတ်ပျက်လာတယ်။ ကျုပ်နဲ့ အတူရှိခဲ့တဲ့ ကောင်လေးနှစ်ယောက်လည်း မရှိတော့ဘူး။ ဒီလောကမှာ ဘယ်သူ့မှမယုံရဘူး။ ဝမ်းစာရှာတော့ ပြဿနာတွေ ကြုံရတယ်။ ချမ်းသာလာတော့ လောဘက ပိုလာတယ်။ ငွေရေးနဲ့ကြုံလာရင် ပုဂ္ဂိုလ်ကြီးများတောင် ဘယ်သူ့မျက်နှာကိုမှ မငဲ့တတ်ကြဘူး။ ညီအစ်ကိုချင်းတောင်မမှု၊ အဖေအမေတောင် မေ့ကြတယ်။ ဒါဟာ အပေါင်းအသင်းတွေနဲ့ ပတ်သက်လို့ စိတ်ဆင်းရဲရခြင်း အဓိကအကြောင်းပဲ။ ဒီလိုအတွေးတွေ ကျုပ်စိတ်ထဲ စတင်ရောက်လာတော့တယ်။

အရင်က စီးပွားရေးသမားဘဝက ကျုပ်ဟာ လိမ်တတ်၊ ညာတတ်၊ မဟုတ်မဟတ် လုပ်တတ်လို့ အပေါင်းအသင်းတွေ အကျင့်အကြံကို မကြိုက်ခဲ့ဘူး။ ဒီနောက် ကိုယ့်ဥစ္စာချမ်းသာနဲ့ ပတ်သက်ပြီး စိုးရိမ်တာ၊ မတော်လောဘပိုတာ၊ မာနရောက်တာတွေ၊ မိနစ်နဲ့အမျှ ခေါင်းထဲပေါ်လာတယ်။ ဗာလာရိက သောတြကို ရေးဖွဲ့တဲ့ သျှရီသရ်ဂျမိတြအကြောင်း အရင်က ကြားဖူးတယ်။ သူ့အကြောင်း အတွေးတွေ စိတ်ထဲပေါ်လာတယ်။ ဥစ္စာခနကြောင့်ရတဲ့ ဂုဏ်၊ ကျော်ကြားမှုထက် ကိုယ်ကျိုးစွန့်မှုကြောင့်ရတဲ့ ဂုဏ်၊ ကျော်ကြားမှုက ပိုမိုချီးကျူးဖွယ်ဖြစ်တယ်။ လူ့အဖွဲ့အစည်းအတွက်
mgyoe.com

mgyoe.com


ကိုယ်ကျိုးစွန့်သွားသူတွေဘဝ သတိရမိကာ နီပေါလ်မှာ ဓမ္မဖြန့်ဖြူးရေးဟာ အခြားသူများ မလုပ်နိုင်တဲ့ တာဝန်ဖြစ်တယ်လို့ ကျုပ် ဂုရုဂျီးကို ပြောပြလိုက်တယ်။ ဒါကို တခြားလူတွေ လုပ်နိုင်တယ်လို့ မျှော်လင့်နေလို့ ဘာအကျိုးရှိမှာလဲ။ ကျုပ် ရဟန်းပြုချင်လာတယ်။ သင်္ကန်းတွေရရေးသာ အောင်မြင်ရင် နီပေါလ်ကို ရဟန်းတွေလွှမ်းသွားအောင် ကြိုးပမ်းမယ်။ ဒါမအောင်မြင်ရင်တော့လည်း လှည့်သွားစရာ ကမ္ဘာကြီးတစ်ခုလုံး ရှိတာပဲ။ ကျုပ်ကို မြေကြီးရှိရာကနေ မောင်းမထုတ်နိုင်ကြပါဘူး။ ကမ္ဘာမြေရှိနေသရွေ့ ကျုပ်ထမင်းမငတ်ပါဘူး။ ဒီလူ့ဝတ်စုံကြီးကို ကျုပ် တစ်နည်းမဟုတ်တစ်နည်း ချွတ်ပစ်ချင်ပြီ။ ကျုပ်ပြောပြတော့ ဂုရုဂျီး အလွန်ဝမ်းသာသွားတယ်။ သူက မဟာရာဇာ အာသောကအကြောင်း နည်းနည်းပါးပါး ပြောပြတယ်။ သင်္ကန်းဝတ်ဖို့ အလွန်မင်္ဂလာရှိနေတဲ့နေ့ကို ဂုရုဂျီးကိုယ်တိုင် ရွေးပေးပါတယ်။ ဝိကြမနှစ် ၁၉၈၉ (ခရစ် ၁၉၃၂) မှာ ကုသိနဂရရှိ ဗုဒ္ဓရုပ်ပွားတော် ခြေတော်ရင်းမှာ ကျုပ်ရဟန်းပြု အခမ်းအနားပြုခဲ့ပါတယ်။ သင်္ကန်းဝတ်ပြီးနောက် ကျုပ် ရဟန်းခံသတင်း နီပေါလ်ကလူတွေရစေတော့ စိတ်ကူးကာ ကျုပ်အဝတ်အစားတွေကို ခတ္တမန္ဒုက ကျုပ်တူ တူလ်ဆီရတနဆီ ပါဆယ်နဲ့ပို့လိုက်ရဲ့။

## မြန်မာပြည် ဘုရားဖူး

ဒီနောက် ကျုပ် ဂုရုဘန္ဒန္တစန္ဒရမဏိမဟာထေရ်နဲ့အတူ မြန်မာပြည်ကို သွားပြန်တယ်။ ရန်ကုန်က ဇေတဝန်ကျောင်း မဟာဝိဟာရမှာ ၁၀ ရက် ၁၂ ရက် နေခဲ့တယ်။ အဲဒီကျောင်းက ဆရာတော်ကို

mgyoe.com

mgyoe.com


ထောင်ထဲက အကျဉ်းသားတွေကို တရားဟောရတဲ့ တာဝန်ပေး ထားတယ်။ ကျုပ်တို့ အဲဒီမှာနေတာ သုံးရက်ရှိတော့ စိတ်ကျန်းမာ ရေးဆေးရုံသွားဖို့ အလှည့်ကြုံတယ်။ "မင်း ထောင်ကို ကြည့်ချင်ရင် ငါနဲ့လိုက်ခဲ့" လို့ ဆရာတော်က မိန့်ကာ ကျုပ်ကိုခေါ်သွားတယ်။ ကျုပ်တို့ ထောင်ပိုင်ကြီးရုံး သွားကြရတယ်။ အဲဒီမှာ ကုလားထိုင် ပေါ် ထိုင်နေကြရတယ်။ ခဏစောင့်နေရတယ်။ တော်နေကြာ တော့ ရဲသားတစ်ယောက် သော့တွဲကြီးနဲ့ ရောက်လာကာ ကျုပ်တို့ ကို နောက်ကလိုက်ခဲ့ဖို့ ခေါ်တယ်။ ကျုပ်တို့ လိုက်သွားကြတယ်။ သံတံခါးကို ၅-၆ နေရာ သော့ခတ်ထားတယ်။ သော့တွေဖွင့်ပြီး တံခါးပွင့်သွားတယ်။ အကျဉ်းသားတွေနဲ့ စကားပြော၊ ယူလာတဲ့ ပစ္စည်းပေးဖို့ တံတိုင်းမှာ အပေါက် ၅-၆ ပေါက် တွေ့ရတယ်။ အကျဉ်းသားတွေရဲ့ ဇနီးတွေ သားချင်းတွေ လာတွေ့ပြီး အစား အသောက်၊ အဝတ်အစား ပေးလေ့ရှိတယ်။ အပေါက်တွေမှာ တစ် ယောက်မဟုတ် တစ်ယောက် လူရှိနေတာပဲ။

ကျုပ်တို့ အတွင်းဝင်သွားတော့ အကျဉ်းသားတွေ ကျုပ်တို့ဆီ လာရှိခိုးကြတယ်။ ကျုပ်တို့ကို ထောင်နောက်ပိုင်းဆီ ပင့်သွားကြရာ အဲဒီမှာ ဗုဒ္ဓရုပ်ပွားတော် တွေ့ရတယ်။ ကုလားထိုင်နှစ်လုံး ယူလာ ကြတယ်။ ကျုပ်တို့ ထိုင်ကြတယ်။ အားလုံးကို ဆရာတော်က ငါးပါးသီလ၊ ရှစ်ပါးသီလပေးကာ တရားဟောတယ်။ ဒီနောက်၊ ကျုပ်တို့ လူသတ်တရားခံတွေထားရာ ကြိုးတိုက်ကို သွားကြတယ်။ လည်ပင်းကို သံပြားဝိုင်း သော့ခတ်ချည်ထားတဲ့ အကျဉ်းသား ၁၀- ၂၀ လောက်တွေ့ရတယ်။ အဲဒီမှာ ကျုပ်တို့ကို ကုလားထိုင်နှစ်လုံး ချပေးတယ်။ တရားဟောပြီး အားလုံးကို ငါးပါးသီလပေးတယ်။

mgyoe.com

mgyoe.com


ဒီနောက် အဲဒီအပေါ်က နေရာဆီခေါ်သွားတယ်။ အဲဒီမှာ လေးစားလောက်တဲ့ လူတွေထားပါတယ်။ အင်္ဂလိပ်လူမျိုး ၃–၄ ဦးလောက်လည်း တွေ့ခဲ့ရတယ်။ ဆရာတော် အဲဒီမှာလည်း တရားဟောပြီး ငါးပါးသီလပေးတယ်။ လူတွေဟာ လောကကြီးမှာ အကြီးအကျယ် ဒုက္ခရောက်မှ တရားဓမ္မဘက် တကယ်ကိုင်းညွတ်လာကြတာကိုး။ ဒီလိုနဲ့ မျက်နှာတိုင်း ဗုဒ္ဓမြတ်စွာကို ကြည်ညိုစိတ်နဲ့ တောက်ပနေတာ တွေ့ခဲ့ရတယ်။ တကယ် တရားဓမ္မဘက် ရောက်နေတဲ့လူများပမာ အင်မတန် ထက်ထက်သန်သန် ယုံယုံကြည်ကြည်နဲ့ ငါးပါးသီလ ခံယူကြတယ်။ ဒီမှာ ကျုပ်တို့ကို လက်ဖက်ရည်နဲ့ ဘီစကွတ်နဲ့ မလိုင်ပေါင်မုန့်နဲ့ ကျွေးမွေးတယ်။ အပေါ်ပြတင်းပေါက်က ကြည့်လိုက်တော့ အကျဉ်းသမားတိုင်း ပန်းကန်လက်စွဲပြီး ထွက်နေကြတာ တွေ့ရတယ်။ လူတွေဝိုင်းနေရာ သွားကြကာပြန်လာတော့ ပန်းကန်ထဲ ထမင်းနဲ့ပဲနဲ့ ဖြစ်နေတာ တွေ့ရတယ်။ ကျုပ်တို့ အနားသွားကြည့်တော့ နံရံအပေါက်ထဲကနေ အကျဉ်းသားတစ်ဦးစီကို ထမင်းတစ်ယောက်မနဲ့ ပဲတစ်ဇွန်း ထည့်ပေးနေတာ မြင်ရတယ်။ ဒါတွေ့ ပြီးနောက် တံခါးကို သတင်းပို့လိုက်ကာ ကျုပ်တို့နှစ်ပါးလုံး ထောင်ထဲက ထွက်လာခဲ့ကြတယ်။ အချိန်အတန်ကြာတော့ ကျုပ်တို့နှစ်ပါးလုံး ထောင်ထဲက ထွက်လာခဲ့ကြတယ်။ အချိန်အတန်ကြာတော့ ကျုပ်တို့နှစ်ပါးလုံး ထောင်သားတွေလိုသော့ပိတ်ခံခဲ့ကြရတာပါပဲ။ ထောင်ပိုင်ကြီးရုံးသွားတော့ ကျုပ်တို့နှစ်ပါးလုံးကို ၂ ရူပီးစီ ပေးပါတယ်။ ဆရာတော်ကို မြန်မာနိုင်ငံအစိုးရက ဘာတွေလှူမှန်း ကျုပ်မသိဘူး။

ဒီနောက် ကျုပ်တို့ စိတ်ကျန်းမာရေးဆေးရုံကို ကားနဲ့သွားကြ

mgyoe.com

mgyoe.com


တယ်။ အဲဒီမှာလည်း အစောင့်တွေကို အကြောင်းကြားပြီး အထဲဝင်သွားကြတယ်။ အတွင်းမှာ အတန်သွားမိတော့ တစ်ဝက်တစ်ပျက် အရူးတချို့ ကျုပ်တို့ဆီ တအားပြေးလာကြတာ တွေ့ရကာ ကျုပ်တို့ကို လက်နဲ့မြှောက်ချီ၊ ကကြတော့တယ်။ ဆက်သွားတော့ တချို့လူမမာတွေက ကျုပ်တို့ လက်တွေဆွဲ၊ တချို့က ခြေကိုရှိခိုးကြတယ်။ ကြိုက်သလို လုပ်နေကြတော့တာပဲ။ ငါးပါးသီလ ခံယူကြမယ့် နောက်ပိုင်းနေရာဆီ ရောက်သွားတယ်။ အဲဒီမှာ ကျုပ်တို့ ကုလားထိုင်နဲ့ ထိုင်ကြရတယ်။ ငါးပါးသီလယူဖို့ လူတွေစုရုံးရောက်ရှိလာတယ်။ ၅၀–၆၀ လောက် ရှိပါလိမ့်မယ်။ တရားဟောပြီး ငါးပါးသီလပေးတယ်။ လူမမာတွေကို ကျွေးမွေးတဲ့ အစာကျန်တာ ကျုပ်တို့ကိုလှူတယ်။ စိတ်ရောဂါခံစားနေရပေမဲ့ ရဟန်းသံဃာကိုတော့ လေးလေးစားစား ရှိလိုက်ကြတာ။ စိတ်ကျန်းမာရေး ဆေးရုံဟာ သပ်ရပ်သန့်ရှင်းတယ်။ ဆေးလည်းပေးတယ်။ ဆရာဝန်တွေ နာစ်တွေလည်း ရောက်နေကြတယ်။ တချို့လူမမာတွေက အမြဲရယ်နေ၊ တချို့ ပါးစပ်နဲ့လက်နဲ့ ဆိုင်းတီးနေ၊ တချို့က အမြဲမတ်တတ်ရပ်နေကာ ဘယ်တော့မှ မထိုင်တာတွေ့ခဲ့ရတယ်။ တချို့လူမမာတွေက အမြဲငိုနေကြတယ်။ လူနာ ၁၀၀ ခန့်လောက် စိတ်ကျန်းမာရေးဆေးရုံမှာ ဆေးကုသနေတာ တွေ့ခဲ့ရတယ်။ ကျုပ်တို့ ပြန်လာတော့ ဝိဟာရခရီးစရိတ် တစ်ပါး ၂ရူပီး ပေးပြန်တယ်။

ဒီလိုပြန်လာတော့ နောက်နေ့မှာ ကျုပ်တို့ကို ချေဇာရီဘာဘူ သမီးက ဆွမ်းစားဖိတ်တယ်၊ ကျုပ်တို့ရောက်နေတာ သိသွားလို့ ဖိတ်တာပါပဲ။ သူ့အဖေက ကုသိနဂရမှာ ဓမ္မသာလာဟောင်းကို ပြန်လည်ပြုပြင်ဆောက်လုပ်ကာ ဆရာတော် မဟာဝီရဘာဘာ

mgyoe.com

mgyoe.com


ရဟန်းခံစဉ်က ရဟန်းဒကာ ဖြစ်ပါတယ်။ ကျုပ်တို့ကို ဆွမ်းကောင်းကောင်း ကျွေးပါတယ်။ ဆရာတော် စန္ဒရမဏိ ဂုရုဂျီးကို ရန်ကုန်မှာ သီတင်းသုံးသရွေ့ သူတို့ဆီက ဆွမ်းစားဖို့ ပန်ကြားတယ်။ နောက်နေ့ကစပြီး သူ ကျုပ်တို့အတွက် ဆွမ်း၊ ပဲ၊ အသီးအရွက် စသည် ကျကျနနချက်ကာ ကျောင်းကို ပို့ပေးပါတယ်။

အဲဒီဆရာတော် ဦးဇာနေန္ဒြကျောင်းမှာ ဒါယကာ အတော်များများ တွေ့ရတယ်။ အဲဒီထဲက အလွန်ချမ်းသာတဲ့ ဒကာတစ်ဦးကရဟန်းခံဖို့၊ ရဟန်းတို့ကို ဝိနည်းသင်ပေးဖို့ သိမ် (ဥပေါသထဃရ) ဆောက်ဖို့ ကတိပေးတယ်။ ဆရာတော် စန္ဒရမဏိဂျီးက လက်ခံတော်မူတယ်။ ၅–၆ ရက်နေတော့ သိမ်လှူမယ့် ဒကာ၊ ဒကာမတွေက ရဟန်း ၅၀–၆၀ ကို ပင့်ဖိတ်ဆွမ်းကျွေးကာ သူတို့ချင်း ငွေကောက်ခံကြပြီး၊ ကုသိနာဂရမှာ သိမ်ဆောက်ဖို့ ဆရာတော်ကို စေတနာဗရပွန့် လှူဒါန်းကြတယ်။ အစစ အနှောက်အယှက် အခက်အခဲမရှိ ဆောင်ရွက်နိုင်ရေး ဘိက္ခုသံဃကို ပရိတ်တရားရွတ်ဖို့ ပန်ကြားကြတယ်။ အခမ်းအနားပြီးတော့ ကျုပ်တို့အားလုံး ကျောင်းပြန်လာကြတယ်။

ခတ္တမန္ဒုမှာ ကမ္ဘာကျော် သယမ္ဘူစေတီရှိသလို ရန်ကုန်မှာလည်း အလားတူ ကျော်ကြားတဲ့ ရွှေတိဂုံစေတီ ရှိပါတယ်။ ကျုပ်တို့နေတဲ့ ကျောင်းအနီးက တောင်ကုန်းပေါ်မှာ ရှိတာပါ။ မြန်မာပြည်တစ်ဝန်းက လူတွေ ဒီဘုရားကို လာကြပြီး ရွှေချကြတယ်။ အခုဆို စေတီတစ်ခုလုံး ရွှေလွှမ်းနေသမို့ အဝေးကကြည့်ရင် ရွှေတောင်ကုန်းလေးလို့ ထင်ရတယ်။ ဘုရားဆီရောက်ဖို့ လေးဖက်လေးတန် စောင်းတန်းတွေရှိတယ်။ စောင်းတန်း တစ်ဖက်တစ်ချက်

mgyoe.com

mgyoe.com

မှာ လှလှပပ ပြင်ဆင်ထားတဲ့ ဆိုင်တွေရှိကာ ပန်း၊ အမွှေးတိုင်၊ ဖယောင်းတိုင်၊ သပိတ်၊ သင်္ကန်း၊ ဝါးနဲ့လုပ်ထားတဲ့ ထီးလှလှ၊ ပရိက္ခရာရှစ်ပါး ရောင်းကြတယ်။ အောက်က အဝင်တံခါးကြီးက လည်း ဆောက်ထားလိုက်တာ မဖော်ပြနိုင်လောက်အောင် လှလွန်း တယ်။ ဆိုင်တွေ နှစ်ဖက်စလုံး သွပ်မိုးနဲ့ အရိပ်ရတယ်။ စေတီမှာ ကျောက်ဖြူခင်းထားပြီး လျှပ်စစ်ဓာတ် တပ်ဆင်ထားတယ်။ ခြေသုတ်စရာ ကော်ဇောတွေ နေရာအနှံ့ ပျံ့နေပြီး အစီအစဉ်လုပ် ထားပုံကောင်းသမို့ စေတီတစ်ဆူလုံး သန့်ရှင်းသန့်ပြန့်နေတယ်။ ဟိုနေရာ ဒီနေရာ တော်တော်များများမှာ တံတွေးထွေးဖို့၊ အမှိုက် စွန့်ဖို့ အမှိုက်ပုံးတွေ စနစ်တကျထားပေးတယ်။

ဘုရားဖူးလာတဲ့လူတွေက ရဟန်းတွေကိုလည်း ခေါ်လာ တတ်ကြတယ်။ ငါးပါးသီလခံယူ၊ ဘုရားစာတွေရွတ်ပြီး မြတ်စွာ ဘုရားကို ပန်း၊ အမွှေးတိုင်၊ ဖယောင်းတိုင်များ လှူကြ၊ ဘိက္ခုတွေ ကို ဒါနပြုကြတယ်။ နေ့တိုင်း သဒ္ဓါတရားပြည့်ဝတဲ့ မြန်မာတွေ ဘာနဲ့မှမတူအောင် စည်ကားနေတယ်။ မြန်မာပြည်က ဗုဒ္ဓဘာသာ နိုင်ငံ၊ ဗုဒ္ဓဘာသာဝင်က အများစုဆိုတော့ ဒီကပြည်သူတွေဟာ တရားတော်ကို အလွန်ရိုသေ ကိုင်းရှိုင်းကြတယ်။ အခါကြီး ရက် ကြီးတွေမှာဆိုရင် ဘုရားကို နည်းတဲ့လူအုပ်ကြီး မဟုတ်ဘူး၊ စုပြုံ ရောက်ရှိတယ်။ အဖိုးတန် ကျောက်သံပတ္တမြားတွေ စီခြယ်တဲ့ စေတီတော်စိန်ဖူးကို ပြုပြင်ဖို့ မြေချတာကို ကျုပ်တို့ တွေ့ခဲ့ရ တယ်။ ဒီကျောက်မျက်တွေကို အများပြည်သူကို စေတီတော်မှာ ပြထားမယ် သတင်းကြားလို့ ကျုပ် ကြည့်ဖို့သွားပါတယ်။ ဒါပေမဲ့ ယောကျ်ား၊ မိန်းမ ရောမ လူအုပ်ကြီးမို့လို့ အနားမကပ်နိုင်ခဲ့ပါဘူး။
mgyoe.com

mgyoe.com


လူတွေ ၂ ပြား ၃ ပြား လှူတာ ရှုပီး ၅–၆ ထောင် ရောက်သွား လိမ့်မယ်လို့ အဲဒီတုန်းက ကြားခဲ့ရတယ်။ ရန်ကုန်မှာ ကျုပ် ဆယ့်နှစ်ရက်နေခဲ့စဉ် ဆရာတော်နဲ့ လေး–ငါးနေရာ ဆွမ်းစားသွားရောက်ခဲ့ရတယ်။

ကျုပ်တို့ မြန်မာပြည်ရဲ့မြို့တော်ဟောင်း မန္တလေးကို မီးရထားနဲ့သွားခဲ့တယ်။ မဟာပဏ္ဍိတ် စက္ကပါလ မဟာထေရ်ရဲ့ ကျောင်းမှာ နေကာ အဲဒီမှာပဲ ဆွမ်းစားကြတယ်။ မန္တလေးက ဒကာတွေက ကျုပ်တို့ကို ဒီကျောင်းမှာပဲ ဆွမ်းကျွေးနေတယ်။ သူတို့ ဒုက္ခကို ထောက်ပြီး ဆရာတော်က ကျုပ်ကို အခြားကျောင်း သူနဲ့ လိုက်ခဲ့ဖို့ ခေါ်တယ်။ ဒီနောက် ကျုပ်တို့ ဘိက္ခုသိရိ ဇာနုတ္တရရဲ့ ခေမကန်ကျောင်းတိုက်ကို သွားကြတယ်။ အဲဒီကျောင်းမှာ သံဃာအများနေတာ တွေ့ရတယ်။ အဘိဓမ္မာလေ့လာဖို့ အဲဒီမှာ သံဃာ ရာပေါင်းများစွာ သီတင်းသုံးကြတယ်။ ကျောင်းထိုင်ဆရာတော်မှာ ဒါယိကာ အများပဲရှိတယ်။ ကျုပ်တို့ မန္တလေးက အရေးကြီးနေရာအားလုံး သွားကြည့်ခဲ့တယ်။ ရှေးက၊ ရဟန်းတွေရဲ့ ဆွမ်း သင်္ကန်းဘုရင်က စီစဉ်တယ်။ သူလည်း ဒီမှာပဲ စာသင်ခဲ့တာကိုး။ ဗြိတိသျှတို့သိမ်းပြီးနောက် ဘုရင်တွေ ဆက်မလုပ်နိုင်တော့ဘူး။ ဒါပေမဲ့ ဒီကို အဘိဓမ္မာသင်ဖို့လာတဲ့ ရဟန်းတွေကို အများပြည်သူက စေတနာနဲ့ ဆွမ်း၊ သင်္ကန်း လှူခဲ့ကြတယ်။ မန္တလေးမှာ မနက် ၈ နာရီက ၁၁ နာရီခွဲထိ ဆွမ်းခံကြွနေတဲ့ ကိုယ်တော်တွေမြင်ရတာ များလွန်းလို့ တစ်မြို့လုံး ဝါဝါထိန်နေတယ်။ ၁၂ နာရီနောက်မှာ ဟိုမှာ ဒီမှာ ရဟန်းတစ်ပါးမြင်ရခဲတယ်။ မြန်မာပြည်သူတွေ လှူချင်ဒါန်းချင်ရင် အကောင်းဆုံးလို့ သူတို့ ယူဆတာက သံဃာတော်ကို ဆွမ်း၊

mgyoe.com

mgyoe.com

သက်န်းလှူတာပဲ။ ဒါဟာ မြန်မာပြည်မှာ ရဟန်းသံဃာ အများအပြားကို ထိန်းသိမ်းထားနိုင်တဲ့ အကြောင်းပဲဖြစ်တယ်။

မြန်မာပြည်ရဲ့ မင်းတုန်းဘုရင်က ၂ ပေခွဲအကွာ တန်းစီထားတဲ့ ၆" × ၃" ကျောက်ဖြူပြားတွေပေါ် ပါဠိပိဋကကို မြန်မာအက္ခရာနဲ့ ထွင်းထုထားစေတယ်။ ထောင်ပေါင်းများစွာပါပဲ။ ဒီကျောက်စာတွေကို နေဒဏ်၊ မိုးဒဏ်က ကာကွယ်ဖို့ သံဖြူတွေနဲ့ မိုးကာထားတယ်။ ဒါကို မြင်တော့ ဒီလုပ်ငန်းထဲ လုပ်အား၊ ငွေအား ဘယ်လောက်ကုန်ထားတယ်ဆိုတာ ကျုပ် တွေးနေမိတယ်။ မြန်မာပြည်သူတို့ အကျိုးအတွက် လုပ်ငန်းအမြောက်အမြား လုပ်ခဲ့တာ၊ မြန်မာဘုရင်တွေ ဘယ်လောက်တရားတော်ကို စေတနာထက်သန်ခဲ့ကြလေသလဲ။ အလားတူ ဒီတိုင်းပြည်ဟာ ကျောက်ဖြူဗုဒ္ဓရုပ်ပွားတော်တွေ အများအပြား ထုလုပ်ထားလိုက်တာကလည်း မရေတွက်နိုင်တော့ဘူး။

မြန်မာရဟန်းတော်တွေက ကျုပ်ကို ပရိယတ္တိ လေ့လာပြီးနောက် တရားကျင့် သမာဓိထူထောင်ရာ နေရာတွေ လိုက်ပြကြတယ်။ သမာဓိထူထောင်လိုသူများအတွက်၊ အထူးတလည် နေရာတွေ ဆောက်လုပ်ထားပါတယ်။ အခြေခံ ယောဂကျင့်စဉ်တွေ ရှုမှတ်ရတာပါပဲ။ သက်ကြီးရွယ်အို ဥပါသကာတွေအတွက် နေရာကိုလည်း တစ်ခါကကျုပ်ကို လိုက်ပြတယ်။ အလှူရှင်တွေ လှူဒါန်းထားတဲ့ ပစ္စည်းတိုင်းကို စနစ်တကျ သုံးစွဲကြရတယ်။ တရုတ်ပြည်က စီးဆင်းလာတဲ့ ဧရာဝတီမြစ်ကို (မဟုတ်ပါဘူး၊ သံလွင်နဲ့ ရောသွားဟန်တူရဲ့- ဘာသာပြန်သူ) လှေသင်္ဘောနဲ့ ကူးဖြတ်ရတယ်။ မြစ်တစ်ဖက်ကမ်းက တောင်ပေါ်မှာ အလွန်လှပတဲ့ စေတီတွေ

mgyoe.com

mgyoe.com

တည်ထားတယ်။ ဈာနဘာဝနာ ပွားများလိုသူတွေ၊ သမာဓိထူ ထောင်လိုသူတွေက ကိုယ်ပိုင် သစ်သား အဆောက်အအုံလေးတွေ ဆောက်ထားကြတယ်။ သောက်ဖို့ သုံးဖို့ရေကို ဇရာဝတီကနေ တောင်ပေါ် ရေစုပ်စက်နဲ့တင်ရတယ်။ ရေလှောင်ကန်ကြီး သုံးကန် တည်ဆောက်ထားပြီး ချောင်အသီးသီးဆီကို ပိုက်နဲ့သွယ်ပေးပါ တယ်။

တချို့ရဟန်းတွေက ဒီတောင်ကိုသွားကာ တရားကျင့်ကြပြီး သူတို့ဆွမ်းကွမ်းကို ဒါယကာများက စီစဥ်ပေးတယ်။ အနာဂါရိက ဥပါသကာများက တစ်ပတ်တစ်ခါ မြစ်ကိုဖြတ်၊ မန္တလေးသွားကာ အလှူခံကြပြီး ရဟန်းတော်တွေကို ချက်ပြုတ် ကျွေးမွေးကြတယ်။ မြစ်ကမ်းပေါ်မှာ မိဘမဲ့ကျောင်း တစ်ကျောင်းရှိတယ်။ အဲဒီကိုသွား ကြစဥ် လမ်းမှာ ခေါင်းလောင်းကြီးတစ်လုံးကို မြင်ခဲ့တယ်။ ခေါင်း လောင်းကြီးလိုက်ပုံက နီပေါလ်က အကြီးဆုံးခေါင်းလောင်းရဲ့ အနည်းဆုံး ခုနစ်ဆရှစ်ဆရှိလိမ့်မယ်။ ခေါင်းလောင်းထဲမှာ မြည် စရာချိန်သီးမပါ။ အနားမှာထားပေးတဲ့ သစ်သားတုတ်နဲ့ တီးခတ်ရ တယ်။ မလှမ်းမကမ်းမှာ တစ်ဝက်တစ်ပျက်ပဲပြီးတဲ့ ပုထိုးကြီးရှိ တယ်။ အင်မတန်ကြီးပါတယ်။ ပုထိုးတည်နေစဥ် ဘုရင် ရုတ်တရက် ဆုံးသွားလို့ တစ်ဝက်တစ်ပျက် ဖြစ်နေတာပါ။ ခြင်္သေ့တွေလည်း ဆောက်ထားတယ်။ ဆင်ရဲ့လေးဆရှိတယ်။ တစ်ကောင်က ပြိုကျ နေပြီ။ တစ်ကောင်မတ်မတ် ကျန်သေးတယ်။ အဲဒီကနေ ကျုပ်တို့ မဦးဖွန်းဆိုသူဆောက်တဲ့ လူအိုရုံကို ရောက်ခဲ့တယ်။ လူအိုတွေနေဖို့ အိမ်ငယ်ငယ်လေးတွေ အများကြီး ဆောက်ထားတယ်။ လူကြီးတွေ ကိုကျွေးမွေးဖို့ အစီအမံကျကျနန လုပ်ထားတယ်။ အိမ်တွေက

mgyoe.com

mgyoe.com

သစ်သားနဲ့ဆောက်၊ သက်ငယ်မိုးပါ။ လူအိုငါးဆယ် ခြောက်ဆယ်လောက် ရှိပါလိမ့်မယ်။ တစ်ဦးကွယ်လွန်ရင် လစ်လပ်တဲ့နေရာမှာ စောင့်နေသူတစ်ဦးကို ပေးရပါတယ်။ လူအိုရုံကို အမျိုးသမီးတစ်ဦးတည်းရဲ့ ငွေနဲ့ ကျခံဆောက်လုပ်ခဲ့တာလို့ သိရပါတယ်။ ဟိုဒီလျှောက်ကြည့် နှစ်ရက်နေပြီးနောက် ကျုပ်တို့ မန္တလေးပြန်လာခဲ့ကြတယ်။

တစ်နေ့တော့ ပိုင်ရှင်နဲ့ ဇနီးနဲ့ ငယ်ရွယ်တဲ့သား နေကြရာအိမ်က ကျုပ်တို့ကို ဖိတ်တယ်။ လူငယ်က အလွန်ပညာတတ်ပြီး အလွန်အဆင့်မြင့်မြင့် အစိုးရရာထူးနဲ့ အလုပ်လုပ်နေတာပါ။ ၄–၅ ရက် ရောဂါဖြစ်လိုက်တာ ဘဝတစ်ပါး ပြောင်းသွားရော။ ဆရာတော် စန္ဒရမဏိကြီးနဲ့ ကျုပ် ရောက်သွားတော့ ပိုင်ရှင်နဲ့အတူ ကုလားထိုင်သုံးလုံးနဲ့ ထိုင်နေကြတယ်။ ပိုင်ရှင်ဟာ သူ့သားသေခဲ့ရပုံအကြောင်း ဆရာတော်နဲ့ အကြာကြီးပဲ စကားပြောနေပါတယ်။ သေပြီးလို့ ၆ ရက် ၇ ရက်ပဲ ရှိသေးတာ။ သူ့လက်ထဲ ရောက်လာတဲ့ ပစ္စည်းမှန်သမျှ လူကြီးက ဆရာတော်ကို လှူနေတော့တယ်။ ဆရာတော်ထိုင်နေတဲ့ ကုလားထိုင်ကိုပါ လှူပါလေရော။ သူလုပ်နေတာကြည့်ပြီး တပည့်တပန်းတွေက မကျေမချမ်း ဖြစ်နေကြပုံပဲ။ မိမိတို့အတွင်းစိတ်ကို မိမိတို့ ဆရာရှေ့မှာတော့ မဖော်ထုတ်ရဲကြဘူး။ ဒါပေမဲ့ သူတို့သဘော ရိပ်မိကာ ကျောင်းပြန်မှပဲလို့ ကျုပ်တို့ တွေးမိတယ်။ ဒီအဖြစ်အပျက်က မြန်မာတွေဟာ ဘယ်လောက်ထိ စွန့်နိုင်လှူဒါန်းနိုင်တယ်ဆိုတာကို ကျုပ်ကို ထင်ရှားပြသနေတယ်။ သူဟာ ကျုပ်တို့မလာခင်က တခြားဘုန်းကြီးတွေကို ပစ္စည်းမျိုးစုံ လှူပြီးပြီ။ ဒါကြောင့်လည်း အိမ်ကတပည့် တပန်းတွေက

mgyoe.com

mgyoe.com

ဘုန်းကြီးတွေလာတာ မကြည်နိုင် ဖြစ်နေကြရတာကိုး။ အိမ်ရှင်ကြီးကတော့ ရုတ်တရက် တစ်ဦးတည်းသား အရွယ်ကောင်းတုန်းသေသွားရလို့ အလွန်တရားသံဝေ ရနေရှာတာပါ။ ဒီလိုနဲ့ မြန်မာလူမျိုးတွေဟာ အလွန်ရက်ရောပဲ့ စိတ်ဓာတ် ဖြစ်ထွန်းနေတာယုံမှားဒွိဟရှိစရာ မလိုပါ။ အခြားတိုင်းပြည်တွေနဲ့ စာလိုက်ရင်၊ မြန်မာပြည်ဟာ သဒ္ဓါတရားပြည့်ဝသူတွေ ပိုပြီးပေါများတယ်။ ဒါ ကျုပ်ခန့်မှန်းချက်ပါပဲ။

တစ်နေ့တော့ ကျုပ် တစ်ရူပီးတန် လက်မှတ်တစ်စောင်ဝယ်ပြီး မန္တလေးနန်းတော်ဟောင်း သွားကြည့်ခဲ့တယ်။ လေးဖက်လေးတန် တံတိုင်းအမြင့်ကြီးနဲ့ အလွန်ကြီးတဲ့ ဝင်ပေါက်ကြီးလေးခုဆောက်ထားတယ်။ တံတိုင်းထဲကနေ အကျယ်ပေလေးဆယ်လောက်ရှိတဲ့ အလွန်နက်တဲ့ ကျုံးမြောင်းကျုံးကာ ရေသွင်းပေးထားတယ်။ တံခါးတွေရှေ့မှာ ကျုံးမြောင်းကို ဖြတ်ရအောင် တံတားတွေဆောက်ထားတယ်။ တံခါးအတွင်း အနီးကပ်လျက် သံလုံးကြီးတွေနဲ့ အမြောက်ကြီးတွေ ချထားတယ်။ နန်းတွင်းမှာ ဘာမှမရှိဘူး။ အတွင်းတစ်နေရာမှာ နန်းတွင်းဝတ်စုံတွေ ပြသထားတယ်။ မြန်မာပြည်မှာ ကျုပ် နန်းတော်ကိုမြင်ရတော့ ကြီးလှပြီး အောက်မေ့နေတာ။ နောင် တရုတ်ပြည်ရောက်သွားပြီး တရုတ်ဘုရင်တွေဆောက်ခဲ့တဲ့ နန်းတော်တွေမြင်ရတော့ မြန်မာနန်းတော်ဟာ ကလေးကစားစရာ ဖြစ်သွားတယ်။

ဒီမှာ အခြားကျောင်းကြီးတွေ အများကြီးရှိပါသေးတယ်။ ရဟန်းသံဃာတွေ ထောင်ချီ သီတင်းသုံးနေထိုင်ကြတယ်။ မြန်မာပြည်သူတွေဟာ မိသားစုထဲက တစ်ဦးဦးသေသေ၊ မွေးမွေး၊ မွေးနေ့

mgyoe.com

mgyoe.com



လုပ်လုပ်၊ လပြည့်လကွယ် ရှစ်ရက်နေ့ ဥပုသ်ဖြစ်ဖြစ်၊ ဘိက္ခု သံဃကို ဒါနပြုကြတယ်။ တရားဟောပွဲ တက်ကြ၊ ပရိတ်တရား ရွတ်တာ နာကြတယ်။ ဒီလိုနဲ့ ဒီလူတွေဟာ တခြားစိတ်ကူး ဘာမှ မရှိဘူး။ ရတနာသုံးပါးကို ကိုးကွယ်ကာ ဗုဒ္ဓ၊ ဓမ္မ၊ သံဃကို လုံး၀ ယုံကြည်ပြီး ဒီလောကီသမုဒ္ဒရာကို ဖြတ်ကူးဖို့ သီလစောင့်၊ တတ် စွမ်းသမျှ သံဃာတော်ကို လှူဒါန်းကြတယ်။ ဒါကြောင့် ဘိက္ခု သံဃဟာ မြန်မာနိုင်ငံမှာ အလွန့်အလွန် တောင့်တင်းပုံ တွေ့ရတာ ပါပဲ။ အထူးသဖြင့် ဒီမြို့ကို အနယ်နယ်က လာကြတဲ့လူတွေ အဘိဓမ္မာလေ့လာကြ၊ တရားကျင့်ကြတယ်။ ဒီနေ့ထိပဲ မြန်မာ ပြည်မှာ အင်မတန်စာတော်တဲ့ တိပိဋကာစရိယ၊ ပညာရှင်ဆရာ တော်ကြီးတွေ ရှိတယ်။ သီရိလင်္ကာ၊ သျှာမဒေသ၊ တရုတ်ပြည်၊ ဥရောပ စသည်က ကျောင်းသားတွေ ဒီကို စုပြုံလာကြကာ စစ်မှန် တဲ့ဗုဒ္ဓတရားကို လေ့လာနေကြပါတယ်။

ဒီကျောင်းက ကျောင်းထိုင်ဆရာတော်မှာ ပြင်ဦးလွင်မှာ လည်း ကျောင်းရှိတယ်။ မန္တလေးမှာ ရက် ၂၀ နေပြီးနောက် သူက ကျုပ်တို့ကို အဲဒီကိုခေါ်သွားတယ်။ တောင်ပေါ်မီးရထားနဲ့ တက်ကြ ရတယ်။ တချို့နေရာတွေမှာ တောင်ကိုဖောက်ပြီး ဥမင်လိုဏ်ခေါင်း လုပ်ထားတာ။ တောင်တွေပေါ်မှာ နီပေါလ်(ဂေါ်ရခါး)တွေ၊ ဂုရုံ၊ မဂါရ်၊ တမန်၊ လပ်ချေလူမျိုးတွေ တွေ့ကြရတယ်။ နောက်နေ့ မနက်စောစောမှာ ပြင်ဦးလွင်ကို ရောက်ပါတယ်။ ဘူတာမှာ ရထားပေါ်ကဆင်း၊ နှစ်ဖာလုံ ခြေကျင်လျှောက်လိုက်တာ ကျောင်း ကို ရောက်ကြတယ်။ သံဃာ ၁၅ ပါး – ၁၆ ပါးလောက် သီတင်းသုံး တယ်။ ကျောင်းအားလုံး သစ်နဲ့ဆောက်တာ။ ဒီမှာ မန္တလေးထက်

mgyoe.com

mgyoe.com


အများကြီး ပိုအေးတယ်။ တောင်တွေပေါ်မှာ လက်ဖက်ခြံတွေ၊ လှပတဲ့ပန်းခင်းတွေ၊ သစ်သီးခြံတွေ အလျှံပယ်တွေ့ရတယ်။ နွေရာသီမှာ မြန်မာပြည်ဘုရင်ခံ ဒီမှာလာနားတယ်။ ဘုရင်ခံ အိမ်ရှေ့က ကြာပန်းအပြည့်နဲ့ ကန်ထဲမှာ ငန်းတွေ ရေကူးနေကြ တာ မြင်ရတယ်။ သိပ်လှပါတယ်။ ပြင်ဦးလွင် အရှေ့မြောက်ဆီမှာ ရှမ်းဒေသ စတင်ပါတယ်။ ကျောင်းတိုင်းမှာ သျှာမဒေသက ဘုန်းကြီးတွေ ရောက်နေကြတာ တွေ့ရတယ်။ မြန်မာဘုန်းကြီး အလွန်နည်းတယ်။ ဒါပေမဲ့ ကျောင်းထိုင်ဆရာတော်တွေကတော့ အများစု မြန်မာဘုန်းကြီးတွေပါပဲ။ ဒီကျောင်းတွေမှာ ဆွမ်းနဲ့ နေရေးကတော့ ပထမတန်းဖြစ်တယ်။

အိန္ဒိယ ဆစ်ခ်(ပန်ချာ)အချို့လည်း ဒီမှာနေကြတယ်။ ဆောင်းနဲ့ နွေရာသီတွေက နီပေါလ်နဲ့အတူတူပါပဲ။ လက်ဖက်ခြံ တွေနဲ့ ကျွန်းသစ်တောတွေကို ဒီမှာအများဆုံး မြင်ရတယ်။ ရှေး တုန်းက ဒီကလူတွေ မခန်းထောပတ် မသုံးတတ်ကြဘူး။ ဆီပဲ စားသုံးကြတာ။ တောကိုရှင်းကာ ဂေါ်ရခါးတွေ ရောက်လာပြီး နောက် မြန်မာတွေ သူတို့ဆီကနေ မခန်းလုပ်နည်း တတ်လာကြ တယ်။ ကနေ့တောင်မှ နွားမွေး၊ နွားနို့၊ ဒိန်ခဲ၊ ထောပတ်စားသုံးတဲ့ မြန်မာ တော်တော်နည်းသေးတယ်။ နွားပိုင်တဲ့ မြန်မာအနည်းငယ် ကို မြန်မာအချင်းချင်းတွေက အကောင်းမမြင်ကြဘူး။

သူတို့က ဒါကို ကောင်းတယ်လို့ မယူဆကြဘူး။ မြန်မာ လူမျိုးတွေမှာ နွား–ကျွဲရှိတယ်။ ဒါပေမဲ့ လယ်ထွန်ဖို့ပဲ သုံးကြတယ်။ ဒါကြောင့်လည်း သူတို့နွားတွေ အင်မတန် သန်မာပုံပေါ်တာဖြစ် တယ်။ တိဗက်တို့ တရုတ်တို့က နွားတွေနဲ့မတူဘူး။ နွားကလေး

mgyoe.com

mgyoe.com


ကို နို့သီးအားလုံး အစို့ခိုင်းတယ်။ သူတို့က စတုတ္ထနို့သီးပဲ နို့ညစ်တယ်။ တချို့ မြန်မာလယ်သမားတွေကတော့ နွားကလေးတွေကို နို့အကုန်အစို့ခိုင်းတာ။ အရင်တုန်းက သူတို့နို့ကနေ ထောပတ်ချက်နည်း မသိကြဘူး။ တချို့နေရာတွေမှာ လာရောက်နေထိုင်သူ ဟိန္ဒူမိတ်ဆွေတွေဆီက နည်းရကြတယ်။ ဆွမ်းဖိတ်လို့ ကျုပ် သုံးလေးနေရာ ရောက်ခဲ့ပါတယ်။ ဒီနေရာက ပြန်ပြီးနောက် ကျုပ်မန္တလေးမှာ လေး–ငါးရက်နေတယ်။

အဲဒီနေရာကနေ ကျုပ်တို့ ပဲခူးရောက်တယ်။ တောနက်နက်ထဲ လူအိုတွေ သမာဓိကျင့်ရာ ခေါ်သွားကြတယ်။ ဒီနေရာက ရဟန်းတွေဟာ အလွန်တည်ငြိမ် တိတ်ဆိတ်တာပဲ။ ရွာတွေမှာ ဆွမ်းခံဖို့ ရိပ်သာတိုင်းမှာ သာမဏေတစ်ပါး နှစ်ပါးရှိတယ်။ ဒီသာမဏေက ဆွမ်းခံကျွေးတာပါပဲ။ ကျောင်း တံမြက်စည်းလှည်းဖို့ ရေခပ်ဖို့လို အထွေထွေအလုပ်လုပ်ဖို့ ရိပ်သာတိုင်းမှာ ဒီရဟန်းတွေနဲ့အတူ ကပ္ပိယကာရက ဥပါသကာတစ်ဦး စီစဉ်ပေးထားတယ်။ ဒီသူတော်စင်တွေက ဒီမှာ အင်မတန် တည်ငြိမ်ငြိမ်းချမ်း နေထိုင်ကြကာ အခြားသူများကို သြဇာညောင်းပါတယ်။ သူတို့မှာ ကိုယ်ပိုင်ပစ္စည်း အလွန်နည်းတယ်။ ဒါကိုကြည့်ပြီး ကျုပ်စိတ်ထဲ စိတ်ကူးတွေ အများကြီးရတယ်။ လောကကြီးကို စွန့်ခွာမှသာလျှင် လောကကြီးရဲ့ သောကပရိဒေဝတွေ ကင်းကာ ချမ်းသာအမှန်ရပေလိမ့်မယ်။ လောကထဲနေလို့ရတော့ အမြဲမချမ်းမသာ ဖြစ်နေရမှာပဲ။ ဒီရဟန်းတွေရဲ့ တည်ငြိမ်အေးချမ်းတဲ့ မျက်နှာတွေ ကိုကြည့်ပြီး ဒီလောကက ထွက်ပြေးချင်စိတ်တွေ ပေါ်လာတယ်။ သီလ၊ သမာဓိရဲ့အကျိုးကြောင့် တောထွက်ချင်စိတ် ပေါ်ရတာပါပဲ။

mgyoe.com

mgyoe.com


ဒီနေရာကနောက် ကျုပ်တို့ဟာ ခြသေ့်ခံ ဗုဒ္ဓရုပ်ပွားတော်ဖူးဖို့ သွားကြတယ်။ ရုပ်ပွားတော်အလျားဟာ အနည်းဆုံး ၂၂၅ ပေ ရှိပါလိမ့်မယ်။ ရုပ်ပွားတော်ရဲ့ မဏိဟာ အဝေးကကြည့်ရင် လက်တော်ပေါ်တင်ထားတယ် ထင်ရတယ်။ ရုပ်ပွားတော်ကို သွပ်မိုးကာထားတယ်။ ဒါကိုကြည့်ပြီး မြန်မာတွေ ဓမ္မတရားတော်ကို စေတနာထက်သန်ပုံတွေးမိတယ်။ ဒီကြီးမားလှတဲ့ ရုပ်ပွားတော်ကြီး ထွင်းထုရတာ ငွေဘယ်လောက် ကုန်ကျလိုက်လေမလဲ။

ပဲခူးမှာ တစ်ရက်နေပြီး ကျုပ်တို့ မော်လမြိုင်မြို့ကို သွားကြတယ်။ မော်လမြိုင်မှာ ကျုပ်တို့ ပညာရှင်ကြီး ဆရာတော် စက္ကုပါလရဲ့ ကျောင်းမှာ ရက်နှစ်ဆယ်ကြာ တည်းကြတယ်။ နာမည်ကြီးနေရာအားလုံး သွားကြတယ်။ မော်လမြိုင်ဟာ အင်မတန်လှတယ်။ သံလွင်မြစ်ကမ်းပေါ် တည်ရှိတယ်။ မြို့နောက်ဘက်မှာ တောင်ကြီးရှိပြီး တောင်ကုန်းတွေပေါ်မှာ ရဟန်းများဖို့ ကျောင်းများဆောက်ထားတယ်။ တောင်တွေပေါ်မှာ ရေအလွန်ရှားတယ်။ ဒီအတွက် ရေလှောင်ဖို့ ကန်အကြီးကြီးတွေ တူးထားကြတယ်။ ဒီရေနဲ့ပဲ ချိုးရ၊ အဝတ်လျှော်ရ၊ အိုးခွက်ဆေးရပါတယ်။ ကျောင်းအမိုးပေါ်ကျသမျှ ရေအကုန် ကန်ထဲတန်းဆင်းအောင် စီစဉ်ထားတယ်။ ပင်လယ်က ကပ်လွန်းလေတော့ မိုးက ဆယ့်နှစ်လလုံး လိုလို ရွာတာပါပဲ။

ရဟန်းတွေဟာ နေ့စဉ်မြို့ထဲ ဆွမ်းခံထွက်ရတယ်။ ဒီကျောင်းက ရဟန်းတွေ ဒီရပ်ကွက်သွား၊ ဟိုကျောင်းက ရဟန်းတွေက ဟိုရပ်ကွက်သွား၊ ဒီလိုနဲ့ ဆွမ်းခံနယ်ကို ခွဲဝေသတ်မှတ် ထားကြတယ်။ မနက်အစောကြီးမှာ ရဟန်းအားလုံး တောင်ပေါ်ကဆင်းလာ၊

mgyoe.com

mgyoe.com

တစ်နေရာမှာ စုကြတယ်။ သူတို့ကိုနှိုးဖို့ သစ်သားတုံး ခေါက်ပါတယ်။ တုံးခေါက်သံကြားတော့ အားလုံး အဲဒီနေရာ စုရုံးကြရတာပါပဲ။ တန်းအရှေ့ဆုံးက ဝါအကြီးဆုံး ကိုယ်တော်တွေ နောက်က ဝါငယ်ကိုယ်တော်တွေ ကြီးစဉ်ငယ်လိုက် လိုက်ကာ ရပ်ကွက်အသီးသီးကို ဆွမ်းခံထွက်ကြတော့တယ်။ ဒါယကာတွေက ဆန်ကို မနက်အစောကြီး ထချက်ကြပြီး အိမ်တံခါးပြင်ဘက် စားပွဲပေါ် တင်ထားကာ ဆွမ်း၊ ဟင်း(ပဲပြုတ်၊ အသီးအရွက်၊ သစ်သီးစသဖြင့်) တစ်ဇွန်းစီ ဖြည်းဖြည်းလောင်းပါတယ်။ လောင်းစရာကုန်မှ ဗလာအိုးခွက်တွေနဲ့ အိမ်ထဲဝင်ကြတော့တာပဲ။

လောင်းသူရှိရှိ–မရှိရှိ သံဃာတော်များဟာ ကိုယ့်နယ်က ကျော်ပြီး မသွားကြဘူး။ ဆွမ်းခံပြီးတဲ့အခါ မနက် ၆ နာရီ၊ ၇ နာရီရှိပြီ။ ဒီလိုခံလို့ ရသမျှဆွမ်းကို ဒါနသာလာမှာ ကပ္ပိယကာရကဆီ အပ်လိုက်တယ်။ ကပ္ပိယကြီးနဲ့ ဒါနသာလာမှာ လုပ်ကိုင်နေတဲ့ သူငယ်လေးတွေက ဆွမ်းဟင်းအသီးသီးကို အိုးခွက်အသီးသီးနဲ့ ထည့်ကာ နွေးတန်တာ နွေးကြတယ်။ မနက်မှာ မနက်စာ ယာဂုဘုဉ်းပေးပြီး အခန်းတွေထဲ စာပေလေ့လာကြတယ်။ ၁၀–၁၁ နာရီမှာ ရဟန်းတွေအားလုံး ကန်တွေက ရေငင်ကာ ရေချိုးကြတယ်။ ဆွမ်းစားဆောင်သွားကြတယ်။ အဆောင်ထဲ စားပွဲဝိုင်းတွေခင်းကြ၊ လေးငါးပါးစာ ပန်းကန်တွေ ချကြတယ်။ စားပွဲမှာဝိုင်းထိုင်ကာ ဆွမ်းဘုဉ်းပေးကြတယ်။ ကျောင်းထိုင်ဆရာတော်က အသီးအရွက်နဲ့ ပဲဟင်းကို စီစဉ်ထားတယ်။ ဆွမ်းကခံလို့ရသမို့ မချက်ရဘူး။ ကျုပ်တို့တည်းတဲ့ကျောင်းမှာ သံဃာ ၅၀–၆၀ အနည်းဆုံးရှိမယ်။ ဥပါသကာ ဦးတိုးလှိုင်က ကျောင်းတွေ၊ ဓမ္မသာလာတွေ အများ

mgyoe.com

mgyoe.com

အပြား ဖန်ဆင်းကာ သီလ၊ ဓမ္မ၊ ဝိနယ တည်တံ့ရေးအတွက် တိပိဋကသ သင်ကြားမှု အဆင်ပြေရေး နည်းမျိုးစုံ လုပ်ဆောင်ခဲ့တယ်။ ဒါတိုင်းပြည် ငြိမ်းချမ်းသာယာရေး အတွက်လည်း အကျိုးရှိပါတယ်။ မြန်မာပြည်ရဲ့ဓလေ့တွေ၊ ထုံးတမ်းတွေသိဖို့ ကျုပ် လေး–ငါးရက် ဆွမ်းခံလိုက်ခဲ့တယ်။

တစ်နေ့တော့ ကျောင်းဒကာက ဘာသာရေးနဲ့ ပတ်သက်တဲ့ ကျိုက္ခမီသွားဖို့ မော်တော်ကားနှစ်စီး လွှတ်ပေးတယ်။ ဒါနဲ့ ကျုပ်ဘုရားဖူးဖို့ ဝတ်ပြုဖို့ အခြားသူများနဲ့အတူ ပါသွားခဲ့ရတယ်။ အဲဒီမှာ ပင်လယ်ကမ်းခြေရေလယ်မှာ ဗုဒ္ဓစေတီ တည်ထားတာကိုး။ စေတီဆီရောက်ဖို့ အလွန်တုတ်တဲ့ သစ်လုံးကြီးတွေကို မြေကြီးထဲစိုက်၊ ပျဉ်ချပ်တွေခင်းပြီး တံတားဆောက်ထားတယ်။ အဲဒီက ဗုဒ္ဓရုပ်ပွားတော်ကို နဂါးမင်းကိုယ်တိုင် ထားပေးတာလို့ ဆိုကြတယ်။ ဒါကြောင့် စေတီအတွင်းမှာ ဧရာမ နဂါးရုပ်ကြီး လုပ်ထားတယ်။ နဂါးရဲ့အစွယ်ပေါ်မှာ ဗုဒ္ဓရုပ်ပွားတော်တွေ အများကြီးပဲ တင်ထားတယ်။ ဒီနေရာ ကျုပ်တို့ ဘုရားဖူးလာသူ ၁၂ ဦးပါ။ ဒီကိုရောက်၊ ဘုရားမှာ ဝတ်တွေဘာတွေ ပြုပြီးတော့ ဒကာတစ်ဦးက ပင်လယ်ကမ်းပေါ်က သူ့အိမ်ကို ဖိတ်ပါတယ်။ ဒါယကာကြီးက ကျုပ်တို့အဖွဲ့မှာပါတဲ့ ရဟန်းတွေအတွက် ဆွမ်းပြင်ထားတယ်။ ကျုပ်တို့မှာက ဆွမ်းကပါပြီးသား။ ဒါပေမဲ့ ဒကာကအတင်း သူ့ဆွမ်းပဲ ဘုဉ်းပေးရမယ်လုပ်နေတော့ လိုက်လျောလိုက်ရပါတယ်။

ပင်လယ်ထဲက စေတီထဲ ဘယ်အမျိုးသမီးမှ မဝင်ရပါဘူး။ အမျိုးသမီးတွေ စေတီထဲမဝင်ရ တင်းတင်းကျပ်ကျပ် တားမြစ်တယ်။ အမျိုးသမီးတွေအတွက် ဓမ္မသာလာတစ်ခုကို တောင်ထိပ်မှာ
mgyoe.com

mgyoe.com

အထူးဆောက်လုပ်ထားတယ်။ အဲဒီကနေ နဂါးနဲ့ တပ်ဆင်ထားတဲ့ ဗုဒ္ဓရုပ်ပွားတော်တွေကို မြင်နိုင်တယ်။ အမျိုးသမီးတွေက အဲဒီ ဓမ္မသာလာကိုသွားပြီး ဘုရားဖူးရပါတယ်။

ဒီလို ပင်လယ်ကမ်းခြေမှာ သုံး–လေးနာရီနေကြစဉ်၊ ရဟန်းဘ၀က ပရိယတ္တိကောင်းကောင်း တတ်ကျွမ်းခဲ့ပြီးနောက် လူထွက်ခဲ့တဲ့ လူတစ်ယောက်ကို တွေ့ရတယ်။ ကျုပ်တို့ ကားပေါ်ကဆင်း၊ သူ့အိမ်လိုက်သွားရာ လင်မနစ်ကပ်တယ်။ သူနဲ့ ဆရာတော် စန္ဒမဏိနဲ့ နီပေါလ်က ဗုဒ္ဓဘာသာအကြောင်း ပြောကြတယ်။ ကျုပ်က မြန်မာစကား နားမလည်ပေမဲ့ စကားသဘောတော့ ရိပ်မိရဲ့။ ဒီက ဓမ္မလောကဟာ နီပေါလ်မှာပထမဆုံး ထေရဝါဒဗုဒ္ဓသာသနာ စတင်ပြုစုသူဖြစ်တယ် ဘာညာပေါ့။ အဲဒီ ဥပါသကာက ပုံနှိပ်စက်ပိုင်တယ်။ စာအုပ်တွေ မဂ္ဂဇင်းတွေ ထုတ်ဖူးပုံရတယ်။ တစ်နာရီလောက် စကားပြောကြပြီး ကျုပ်တို့ ကျောင်းပြန်ခဲ့ကြတယ်။

သုံးရက်နေတော့ အဲဒီဥပါသကာ ရောက်လာပြီး "ဘိက္ခု ဓမ္မလောက ပဋ္ဌာန်းခံရေး တပည့်တော်စီစဉ်ပါ့မယ်၊ ဒီမွန်မြတ်တဲ့ ကုသိုလ်ကို တပည့်တော်ပြုရပါစေ" လျှောက်ထားရှာတယ်။ ဒီအကြောင်း ဆရာတော်ကို အကြိမ်ကြိမ်လျှောက်တယ်။ ညကျတော့ ဆရာတော်က ကျုပ်ကို ပဋ္ဌာန်းခံရေးကိစ္စ ပြောပြတယ်။ ကျုပ်က ဝိနည်းတို့၊ ရဟန်းသီလတို့ သိပ်မသိသေးတော့ သဘောမတူဘူး။ ဒီတော့ ဆရာတော်က ကျုပ်ကို အလွန်စိတ်ဆိုးသွားတယ်။ ဆရာတော်စိတ်ဆိုးလည်း ကျုပ်က ပဋ္ဌာန်းတက်ဖို့ သဘောမတူဘူး။ ဒီတော့ ဆရာတော် ကျုပ်ကိုစကားမပြောတော့ဘူး။ သူက ကျုပ်ကို အိန္ဒိယပြန်မပို့ဘူးလို့ သတိပေးတယ်။ ကျုပ် အစစ စိတ်ရှည်ရှည်နဲ့

mgyoe.com

mgyoe.com

နားထောင်ခဲ့ပါတယ်။ အဲဒီ ကျောင်းဒါယကာက အလွန်သဒ္ဓါတရားပြည့်ဝပြီး မြေဇကေထောင်ချီပိုင်ပါတယ်။

အဲဒီနောက် ကျုပ်အိန္ဒိယ ပြန်လာခဲ့ရာ လမ်းမှာ စစ်တွေကို ဝင်ခဲ့ပါသေးတယ်။

အရင်က စစ်တွေမှာ ကျုပ်တို့ထားခဲ့တဲ့ သီလပဗ္ဗ၊ ဂျန်ဒေဝိ၊ သာနု၊ ဂျန်ဂေါပါလရဲ့သား နန္ဒဂေါပါလ၊ ကမ္မသီလဘန္တေ၊ နောက်မှရောက်လာတဲ့ ဓမ္မပါလီ၊ သဃ်ပါလ စသူတို့ကို အကုန် မြန်မာပြည်မှာပဲထားခဲ့ကြတယ်။ ကျုပ် ကာလကတ္တား ရောက်တော့ လက္ခမီမဏီ၊ ဒန်မယ၊ သံဂ ဒေါရ်ဂျဲဆိုတဲ့ လူသုံးယောက်ကို တွေ့တယ်။ အားလုံးကို ကျုပ် နီပေါလ်ပို့လိုက်တယ်။ ဒီလူရှစ်ဦးထဲက တင်းကျပ်တဲ့ စည်းကမ်းမလိုက်နိုင်လို့ စစ်တွေမှာ မနေတတ်သူ မိန်းမ ၆ ယောက်ကို ရိပ်သာက နှင်ထုတ်လိုက်လို့ အိန္ဒိယကို သင်္ဘောနဲ့လိုက်ဖို့ ဆိပ်ကမ်းရောက်နေကြတယ်။ သူတို့ကို စစ်တွေမှာတွေ့တော့ ဘယ်သွားကြမှာလဲ မေးကြည့်တယ်။ သူတို့ကြုံရတဲ့ အခက်အခဲများ ပြောပြကြတယ်။

သူတို့က စည်းကမ်းတွေ များလွန်းလို့ မလိုက်နာနိုင်ကြဘူး။ ဒါနဲ့ ရိပ်သာက နှင်ထုတ်လိုက်တာလို့ သိရတယ်။ အဲဒီမှာ ဂေါ်ရခါးစစ်သားတွေနဲ့တွေ့လို့ အကူအညီတောင်းတော့ သင်္ဘောနဲ့ ကာလကတ္တားပြန်ဖို့ ပိုက်ဆံစုပေးလိုက်ကြတာ။ သူတို့အခက်အခဲကိုသိရတော့ ဂုရုဂျီးက နီပေါလ်ပို့ပေးလိုက်တယ်။ ကမ္မသီလဘန္တေကိုတော့ အခြားတစ်နေရာပို့လိုက်တယ်။ ဂျန်ဂေါပါလ ပညာသင်ရေး ဒါယကာနှစ်ဦး ရှာဖွေ၊ မဟာပဂ္ဂဘန္တေ တောထဲသွား တရားထိုင်နိုင်အောင်လည်း စီစဉ်ပေးတယ်။ ဂုရုဂျီး ဒီအစီအစဉ်တွေလုပ်
mgyoe.com

mgyoe.com

ပြီးနောက် ကျုပ်တို့ ၁၅ ရက်နေပြီး ရန်ကုန်ပြန်ခဲ့ကြတယ်။ အဲဒီကမှ ကာလကတ္တား ပြန်ခဲ့ကြတယ်။ ကာလကတ္တား ကနေ ကုသိနာဂရ လာခဲ့ကြတယ်။ အဲဒီမှာ ၅ လ ၆ လနေစဉ် ကျုပ် ဗုဒ္ဓစရိယ တစ်ကျမ်းလုံးကို နီပေါလ်လို ဘာသာပြန်တယ်။ ခက်တဲ့အပိုင်းတွေ ဂုရုဂျီးကိုမေးရပါတယ်။ ဘာသာပြန်လည်းပြီး၊ ဝါလလည်း ကျွတ်ပါတယ်။

## ပိဏ္ဍပါတ

ကျုပ် အမ်လေခ ဂန်ဇာကိုရောက်တော့ ပတ်စ်ပို့ထုတ်ပေးတဲ့ အရာရှိက ပတ်စ်ပို့ထုတ်မပေးဘဲ သင်္ကန်းဝါဝါအကြောင်း မေးလားမြန်းလား လုပ်ပါတော့တယ်။ ပတ်စ်ပို့ပေးဖို့ လုံးဝငြင်းတော့တယ်။ မော်တော်ကားနဲ့ ရဲစခန်းသွားကာ အရာရှိကို ပတ်စ်ပို့တောင်းရတာပါ။ ကျုပ်နဲ့အတူ ရှိသူတိုင်းကို ပတ်စ်ပို့ပေးတယ်။ ကျုပ်တစ်ဦးတည်းမပေးတာ။ ကျုပ်က အတင်းအကျပ်တောင်းတော့ သူက "မင်း သင်္ကန်းဝါနဲ့လာလို့" ပြောပြန်တယ်။ "ဒီသင်္ကန်းဝါက နောင်သံသရာကောင်းရေးအတွက်ဝတ်တာ" လို့ ကျုပ်က ပြန်ပြောလိုက်တယ်။ မှောင်လာနေပြီမို့ ဘတ်စ်သမားက သတိပေးနေပြီ။ အဲဒီတော့မှ သူဖြည်းဖြည်းဆေးဆေး ပတ်စ်ပို့ပြင်ဆင်တယ်။ အဲဒီကနေ ဘိမ်ဖဲရီရောက်တယ်။ ညအိပ်ရပ်နားပြီးနောက် မနက် ၇–၈ လောက် ဘတ်စ်ဟာ အကောက်ခွန်ရုံး ရောက်တယ်။ အဲဒီမှာလည်း သင်္ကန်းနဲ့ပတ်သက်လို့ မေးကြပြန်တယ်။ အဲဒီမှာလည်း ကျုပ်က နောင်သံသရာအကျိုးအတွက် ဝတ်တာလို့ ဖြေပါတယ်။ ဘတ်စ်နဲ့ဆက်သွား၊ စီလမ်ဂမ်မှာ ညအိပ်ရပ်နားရတယ်။ ဒုတိယနေ့ မွန်းလွဲ ၂

mgyoe.com

mgyoe.com


နာရီမှာ ခတ္တမန္တုက ကိဏ္ဍောလဝိဟာရကို ဆိုက် ရောက်ပါတယ်။

ရောက်လို့ နှစ်နာရီ မကြာတတ်သေး၊ ရဲတွေရောက်လာကာ အမျိုးမျိုး မေးကြမြန်းကြတယ်။ ကျုပ် ညစောစောအိပ်လိုက်တယ်။ မနက် ၉ နာရီမှာ ရဲနှစ်ယောက် ပေါက်လာကာ ကျုပ်ကို ဌာနာခေါ် သွားတယ်။

ကျုပ်အဲဒီည ဌာနာမှာအိပ်ရတယ်။ ဒုတိယနေ့ ရုံးတက်တော့ ကျုပ်ကို ဘာလို့ ခေါင်းတုံးရသလဲမေးတယ်။ ကျုပ် အဖြေကတော့ နောင်သံသရာအကျိုးအတွက်ပါပဲ။ ဗိုလ်မှူးစန္ဒမဟာဒူရ်က ဆန့် ကျင်စကားတွေ အများကြီးပြောပြီး ကျုပ်ကိုရှုတ်ချတယ်။ နီပေါလ်မှာ ဒီလိုအဝတ် မဝတ်နိုင်ဘူးတဲ့။ ကောင်လေး၊ ကောင်မလေးတွေကို မြန်မာပြည်ခေါ်သွားပြီး ဘာလုပ်ပစ်လဲတဲ့။ ဒီလိုမေးခွန်းတွေ အများကြီးမေးပါတယ်။ ကျုပ်က ဒါတွေကို အမှန်အတိုင်းပဲဖြေပါတယ်။ မြန်မာပြည်ခေါ်သွားတဲ့ ကောင်လေးတွေ အားလုံး နီပေါလ် ပြန်ရောက်ပြီ။ မင်းနီပေါလ်မှာ ဒီလိုမလုပ်နိုင်ဘူးတဲ့။ ဘုရင့်အမိန့် မရဘဲ မင်းကိုမလွှတ်နိုင်ဘူးတဲ့။ 'ကြိုက်သလိုလုပ်' လို့ ကျုပ်ပြောလိုက်တယ်။ ကျုပ်ကို အချုပ်ခန်းထဲတော့ မပို့ဘူး။ ရုံးမှာပဲထိန်းထားတယ်။ ဒန်မယ ကျုပ်စားဖို့ ဆွမ်းလာပို့တယ်။ ကျုပ်က ထောင်းဆန်ကိုစားနေကျဆိုတော့ ဆီးသွားရာ အင်မတန်ပူလောင် နာကျင်ရတယ်။

သူတို့က ကိစ္စကို ဘုရင့်ဆီတင်မှာဆိုတော့ အချိန်ကြာနေတယ်။ မဟာရာဇာနန်းတက်တာ ၄–၅ လတောင် မရှိသေးဘူး။ ကျုပ်အကြောင်း ဟုတ်တာတွေရော မဟုတ်တာတွေပါ ဘုရင့်ဆီတင်ကြတယ်။ ပဏာမ အစီရင်ခံစာမှာကိုပဲ ဘုရင်က "ဒီလူ ရဟန်း

mgyoe.com

mgyoe.com

ဝတ်လို့ ငါ့ထီးနန်း ဘာအန္တရာယ်ဖြစ်မှာတဲ့တုန်း” လို့ မိန့်တော်မူပါသတဲ့။ အမှူလိုက်ကြီးက ကျုပ်အကြောင်း ဆန့်ကျင်စကားတွေ ဆက်တင်တော့ ဘုရင်ကြီး ဒေါသမာန်ရှုတယ်။ ဘုရင်က မိန့်တယ်၊ “မင်းလည်း ဝတ်ချင်ရင် ရဟန်းဝတ်နိုင်တယ်။ ငါ့ကို ဘာအန္တရာယ် မှဖြစ်မှာမဟုတ်ဘူး” တဲ့။ ဒီတွင် သူဘုရင်ကြီးကို ဦးညွှတ်ကာ စကားတစ်ခွန်း ပြန်မလျှောက်ရဲတော့ဘူး။ ဒုတိယနေ့မှာ ကျုပ် ကွင်းလုံးကျွတ် လွတ်လာရတယ်။ ကျုပ် ကိဗ္ဗောလ ပြန်လာပြီးနေ တယ်။

နောက်နေ့ ကျုပ် မြို့ထဲဆွမ်းခံထွက်တယ်။ သပိတ်လက်စွဲ ကာ ခရီးစခဲ့တယ်။ ဝိဿဝတီမြစ်ကို ဖြတ်ခဲ့ပြီးနောက် ထမ်သီပ ရောက်တဲ့အထိ ဘာစိတ်ကူးမှ စိတ်ထဲမရှိဘူး။ ထမ်သီပလည်း ရောက်ရော၊ ရှေ့ဆက်သွားရမလား၊ မသွားရဘူးလား အတွေးမျိုးစုံ ဝင်လာတယ်။ တွန်ဆုတ်ချင်သလို၊ ရှေ့ဆက်သွားရမှာ ရှက်ရွံ့ သလို ဖြစ်လာတယ်။ ကပ်ရက်မှာ ထမ်သီပက ယောကျ္ခမအိမ်၊ အနားမှာ မိတ်ဆွေတွေ၊ ဆွေမျိုးတွေ၊ သားချင်းတွေ အများအပြား နရဒေဝီရပ်ကွက်မှာ နေကြတာကလား။ ဒီတော့ အဲဒီနေရာကို မဖြတ်ချင်၊ တွန့်ဆုတ်ချင်လာတယ် ပြန်သွားသင့်တယ် တွေးမိ တယ်။ ရဟန်းတို့ ဝိနည်းအရ ဆွမ်းခံတဲ့အခါ ခေါင်းကိုငုံ့၊ ၆ ပေ ကကျော်မကြည့်ဘဲ လှမ်းရမှာဖြစ်ပါတယ်။ ဒါကို သတိရပြီး အဲဒီ အတိုင်း လှမ်းကြည့်ပါတယ်။ ဟိုဒီမကြည့် ဖြည်းဖြည်း ဖြည်းဖြည်း ချင်းလှမ်းတယ်။ နရဒေဝီရပ်ကွက် လွန်လာတာ တွေ့ရတယ်။ တျံဂါလရပ်ကွက်ကိုဖြတ်ကာ ညောခရပ်ကွက်ဆီ ရောက်သွား တယ်။ အဲဒီမှာ အမေ့ဘက်က ဦးလေးအိမ်ရှိတယ်။ အလွန် နာမည်

mgyoe.com